ကြေးမုံ

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 The Mirror Daily

၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့ | 6, Wednesday April 2016 | (၈၅၂၈)


# ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း**

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး ကြိုးပမ်းဆောင်ရွက်မည်

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်**



**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ယနေ့ ညနေ ၄ နာရီခွဲတွင် တယ်လီဖုန်းဆက်၍ နိုင်ငံတော်သမ္မတ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မစ္စတာဘန်ကီမွန်းက နှစ်ပေါင်း (၅၀)ကျော်အကြာ ဒီမိုကရေစီနည်းလမ်းဖြင့် အရပ်သားအစိုးရတစ်ရပ် ရွေးကောက်တင်မြှောက်ခံရခြင်းကို ကြိုဆိုပါကြောင်း၊ မြန်မာပြည်သူလူထုအနေဖြင့် နိုင်ငံတော်သမ္မတကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ဖော်ကိုင်ဖက်များအား ယုံကြည်မှုရှိသည်ကို ပြသခြင်းလည်းဖြစ်ပါကြောင်း၊ လူထု၏မျှော်မှန်းချက်လည်း များပြားပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❑



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

# မိမိတို့အစိုးရ နိုင်ငံခြားရေးမူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ပူးပေါင်းဆောင်ရွက်လို

**နေပြည်တော် ဧပြီ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိသည် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ယနေ့ရောက်ရှိပြီး မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမှုအပြီးတွင် သတင်းစာရှင်းလင်းပွဲကို အဆိုပါဝန်ကြီးဌာန၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ယခုအချိန်တွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကို ကြိုဆိုနိုင်ခဲ့သည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့အစိုးရသည် သက်တမ်းအားဖြင့် တစ်ပတ်သာရှိသေးကြောင်း၊ ယခုကဲ့သို့ အချိန်တိုကာလအတွင်း လာရောက်လည်ပတ်သည့်အတွက် နှစ်နိုင်ငံကြား ချစ်ကြည်ရေးကို ဖော်ဆောင်သည်ဟု ယူဆကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖




# ပြည်သူလူထုအပေါ် စေတနာထားနိုင်ကြပါစေ

ရာစုနှစ်ဝက်ကျော်ကာလများအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်သူလူထု၏ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုဖြင့် အလွန်ဒုက္ခရောက် နောက်တန်းကျခဲ့ရသော နိုင်ငံတစ်နိုင်ငံအဖြစ်မှသည် ငြိမ်းချမ်းတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ထူထောင်ရန် အားခဲချီတက်နေကြပြီ။

သည်လို တိုးတက်သောနိုင်ငံထူထောင် တည်ဆောက်နိုင်ရန်အတွက် ပြည်သူလူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တာဝန် အပ်နှင်းလိုက်ကြသည်။ အစစ်အမှန်ဖြစ်သော ပြည်သူ့ထောက်ခံမှုများဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဒီမိုကရေစီဆိုတာ အုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်သည်။ ပြည်သူလူထု၏ ထောက်ခံမှုကို အခြေပြုသည်။ ဒီမိုကရေစီစနစ်၏ အဓိကအကျဆုံးသောမူမှာ အများစု၏ သဘောထားကိုလိုက်နာပြီး အနည်းစု၏ သဘောထားကို လေးစားဖို့ ဖြစ်သည်။ လူများစုက အနည်းစုကို ဝိုင်းဝန်းအနိုင်ကျင့်နေတာမဟုတ်။ အနည်းစု၏ သဘောထားကို လေးလေးစားစား မှတ်တမ်းတင်ကာ ဂရုထားခြင်းဖြစ်သည်။ အများစု၏ သဘောထားကို လိုက်နာဆောင်ရွက်သည်ဆိုရာမှာလည်း တရားမျှတ မှန်ကန်မှု၊ တန်းတူညီမှုတို့ကို အထူးအလေးပြု ဆောင်ရွက်ရတာဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်အကောင်အထည်ဖော်ရာမှာ အခြေခံဥပဒေက အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်သည်။

တိုင်းပြည်တွင်းရှိ ပြည်ထောင်စုသားအားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ ဆင်းရဲချမ်းသာ ဆူကြုံနိမ့်မြင့်မရွေးအားလုံး၏ တန်းတူညီမှု၊ မျှတမှုတို့ရှိစေဖို့ အခြေခံဥပဒေက ခိုင်ခိုင်မာမာ တည်ရှိပေးရတာဖြစ်သည်။ အခြေခံဥပဒေက အဲသည်လို အလွန်လေးနက်ပြီး အဓိပ္ပာယ်ရှိလှပါသည်။ ထို့ကြောင့် အခြေခံဥပဒေရေးဆွဲရာတွင် ပြည်သူလူထု၏ တကယ့်အစစ်အမှန် ကိုယ်စားလှယ်များ ပါဝင်ဖို့ အရေးကြီးလှပါသည်။

ယနေ့ အခြေခံဥပဒေမှာ အားနည်းချက်များ၊ မှားယွင်းနေမှုများရှိနေသည်က အမှန်ပင်ဖြစ်ပါသည်။ ယင်းအမှန်တရားကို ငြင်းဆိုနေသရွေ့ တိုင်းပြည်ကောင်းကျိုးဆောင်ရွက်ဖို့မှာ အခက်အခဲများမလိုအပ်ဘဲ ရှိနေမည်သာဖြစ်သည်။

ဥပမာအားဖြင့် ယခင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်အဦးအစမှာပင် အခြေခံဥပဒေခုံရုံးနှင့် သမ္မတကို စွပ်စွဲပြစ်တင်ဖြစ်ကြသည့်အမှုက စပြီး သမ္မတတာဝန်နှင့် ပါတီဥက္ကဋ္ဌ တာဝန်အငြင်းပွားမှု အလယ်၊ တစ်လျှောက်လုံး ရင်ဆိုင်ခဲ့ရသော လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်မှု အဖုံဖုံတို့ကိုကြည့်လျှင် သည်နေ့ အခြေခံဥပဒေ၏ အားနည်းချက်များကို တွေ့မြင်နေရမှာပဲဖြစ်သည်။ ထို့ကြောင့်လည်း အခြေခံဥပဒေပြင်ဆင်ရေးနှင့် အခြေခံဥပဒေပြင်ဆင်ရာတွင် အဟန့်အတားကြီးဖြစ်နေသော ပုဒ်မ ၄၃၆ ပြင်ဆင်ရေးတို့ကို ပြည်သူလူထု သိန်းနှင့်ချီကာ ထောက်ခံလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ယနေ့ပြည်သူ့ထောက်ခံမှုဖြင့် နိုင်ငံရေးခေါင်းဆောင်မှုရလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ထောက်ခံမှုဖြင့် သမ္မတတာဝန်ယူခဲ့သော ဦးထင်ကျော်က တာဝန်စတင်လက်ခံချိန်မှာပင် ပြည်သူလူထု သဘောဆန္ဒကို ထင်ဟပ်သည့် အခြေခံဥပဒေပြင်ဆင်ရေးကို ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

သည်နေ့ကာလလို တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းနေကြချိန်တွင် လွှတ်တော်တွင်း လွှတ်တော်ပရှိ နိုင်ငံရေးနှင့် ဆက်စပ်ပတ်သက်နေသော တပ်မတော်အပါအဝင် အင်အားစုများအားလုံး၏ လက်ထဲတွင် အခြေခံဥပဒေပြင်ဆင်ရေးသာမက အထွေထွေအပြားပြားသော ဆုံးဖြတ်လုပ်ဆောင်စရာများရှိနေသည်။

အမျိုးသားသင့်မြတ်ရေးဆိုသည့်မူကို အင်အားစုများအားလုံး လက်ခံအကောင်အထည်ဖော်ကာ တိုင်းပြည်နှင့် ပြည်သူလူထုအပေါ် မှန်ကန်သော စေတနာဖြင့် ရှုမြင်ဆောင်ရွက်ကြခြင်းဖြင့်သာ ပြည်သူတို့၏ ဘဝတိုးတက်မြင့်မားဖို့ မြန်ဆန်လွယ်ကူမည်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။



## ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြှူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများက ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# (၇)ကြိမ်မြောက် အမျိုးသားအဆင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၅**

အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် အာဆီယံ၏အခန်းကဏ္ဍနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အထွေထွေ ဗဟုသုတ အချက်အလက်များကို လူငယ်များအကြား ပိုမိုသိရှိနားလည်နိုင်ရန် ရည်ရွယ်၍ ကွန်ပျူတာဂိမ်းပြိုင်ပွဲများ၊ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၇) ကြိမ်မြောက် အမျိုးသားအဆင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio A တွင် ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးချယ်ထားသည့် ကျောင်းသားကျောင်းသူ ၂၀ ကို ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးပြီးနောက် ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်ခဲ့သည်။ ယင်းရွေးချယ်ထားသည့် ကျောင်းသားကျောင်းသူ ၁၀ ဦးကို အမျိုးသားအဆင့် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင်များအဖြစ် ရွေးချယ်ခြင်း ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုကို မောင်ပိုင်ကောင်းခန့် (အထက-၂ ဗဟန်း)က လည်းကောင်း၊ ဒုတိယဆုကို မခိုင်ဆုရည်အောင် (အထက ပေါင်မြို့နယ်)က လည်းကောင်း၊ တတိယဆုကို မောင်အောင်ကျော်မြင့် (အထက-၅ ဗိုလ်တထောင်) က လည်းကောင်း၊ အထူးဆုအဖြစ် မောင်သူရိန်ဇံ (အထက-၁ ဒဂုံ)နှင့် မသင်ဇာဆွေ(အထက-၃ ပဲခူး)တို့က အသီးသီးရရှိခဲ့သည်။ လာအိုနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်မည့် ပထမ၊ ဒုတိယ၊ တတိယရရှိသည့်ကျောင်းသားကျောင်းသူများသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံပဟေဠိပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံပဟေဠိပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့သော ကျောင်းသားကျောင်းသူများအနက် ၂၀၁၃ ခုနှစ်တွင် တတိယဆုနှင့် ၂၀၁၅ ခုနှစ်တွင် ပဉ္စမဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၅**

ရန်ကုန်(ရွှေဈေး) ၇၇၀၀၀၀ - ၇၇၀၀၀၀ မန္တလေး(ရွှေဈေး) ၇၆၉၅၀၀ - ၇၆၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၈၀/၅၀၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၄၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၆ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၀၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၃. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၁၃၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၁၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၅. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄. ၃၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄. ၄၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၉. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်တွင်းရေးရာ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်
မစ္စတာဘန်ကီမွန်း

❑ **ရွှေဖုံးမှ**

နိုင်ငံရေးတွင် အားလုံးပါဝင်သည့် နိုင်ငံရေး၊ ကောင်းမွန်သည့် အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်စေရန် အားပေးလိုပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးမူဝါဒများ အကောင်အထည်ဖော်ခြင်း၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြှင့်တင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိနှင့် ကုလသမဂ္ဂအနေဖြင့် မြန်မာအစိုးရအား ပံ့ပိုးကူညီမှုပေးအပ်သွားမည်ဟု အတည်ပြုပြောကြားလိုပါကြောင်း။

ထို့ပြင် မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ကြိမ်ဖန်များစွာ ရောက်ဖူးသော်လည်း မကြာတော့သောအချိန်တွင် ထပ်မံ၍ အလည်အပတ်လာရောက်ခွင့်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် လာမည့် အာဆီယံအစည်းအဝေးများတွင် ဖြစ်စေ၊ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်၍ဖြစ်စေ ဆောလျင်စွာ တွေ့ဆုံခွင့်ရရှိရန် မျှော်လင့်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး တာဝန်ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိစေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကလည်း မိမိအား ယခုကဲ့သို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆက်သွယ်ပြောကြားသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများအပေါ် နားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံအပေါ် ကူညီပံ့ပိုးမှုများ ဆက်လက်ပြုလုပ်သွားရန် ထပ်လောင်းပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုကို များစွာ တန်ဖိုးထားပါကြောင်း၊ ကုလသမဂ္ဂနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးတိုးမြှင့်ကာကွယ်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **ရွှေဖုံးမှ**

မိမိတို့သည် အိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးသည် အရေးကြီးကြောင်း၊ နိုင်ငံရေးအရသာမက လူမှုရေး၊ စီးပွားရေးအရပါ အရေးကြီးကြောင်း၊ ထိုကဲ့သို့အရေးကြီးမှုကို တရုတ်နိုင်ငံအနေဖြင့်လည်း အသိအမှတ်ပြုသည်ဟု ထင်မြင်မိကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံခြားရေးမူဝါဒအရ တစ်ကမ္ဘာလုံးနှင့် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ တစ်ကမ္ဘာလုံးခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက်၊ လူသားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်ကာလတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက လာရောက်ဂုဏ်ပြုသည့်အတွက်၊ မြန်မာအစိုးရကို ဆုမွန်ကောင်းများ တောင်းပေးသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မစ္စတာဝမ်ယိက အစိုးရသစ်ပေါ်ပေါက်လာပြီး မြန်မာနိုင်ငံ၏ နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဖိတ်ကြားချက်အရ လာရောက်လည်ပတ်ခွင့်ရခဲ့ပါကြောင်း၊ ထိုကဲ့သို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူလူထုအကြား ချစ်ကြည်ရင်းနှီးမှုကို ပြသနေပါကြောင်း၊ တရုတ်နိုင်ငံသည် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို အလေးထားပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ဆက်လက်၍လည်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်ဦးတွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲရှိသော်လည်း ချစ်ကြည်ရေးမူဝါဒဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးသည် ပြေလည်မှုရှိသော၊ ရေရှည်ဖြစ်သော၊ စဉ်ဆက်မပြတ်ရှိသော ချစ်ကြည်ရေးဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထု၏ မှန်ကန်သော ရွေးချယ်မှုများကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကိုလည်း ထောက်ခံပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် တည်ငြိမ်မှန်ကန်သောလမ်းကြောင်းကို လျှောက်လှမ်းနိုင်မည်ဟု ထင်မြင်မိပါကြောင်း။

နှစ်နိုင်ငံ စီးပွားရေးကဏ္ဍတွင် အပြန်အလှန် အထောက်အကူပြုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များတွင်လည်းကောင်း၊ မြန်မာပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရာတွင်လည်းကောင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရှည်ကြာဆုံးမိတ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံအပေါ်ထားရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ချီးကျူးပါကြောင်း၊ ထိုသို့ချစ်ကြည်ရင်းနှီးမှုဆက်လက်ရှည်ကြာစေရန်အတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါကြောင်း၊ သဘောတူညီချက်များလည်း ရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ ဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ သိရှိလိုသော မေးခွန်းများအပေါ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

> **‘တစ်ကမ္ဘာလုံး ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းရေးအတွက်၊ လူသားများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် နေရာတွင် အိမ်နီးချင်းနိုင်ငံများကလည်း ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည် ’**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ (သတင်းစဉ်)

❖ **ရေကြောင်းပြောင်းလဲမှုကြောင့်မှ**

တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက် ဗိုလ်မှူးစိန်လွင်လမ်း တွံတေးတူးမြောင်းကမ်းနံဘေးရှိ ကမ်းပါးနိမ့်ဆင်းမှု မေ ၄ ရက် နံနက် ၉ နာရီခွဲခန့်က ဖြစ်ပွားခဲ့ပြီး အလျားပေ ၁၀၀၊ အနံ ပေ ၅၀ ခန့်ရှိ ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံးတူးမြောင်းအတွင်းသို့ ပြိုကျခဲ့ပြီး နောက်ထပ်နေအိမ်လေးလုံးကိုလည်း ဖြိုဖျက်ခဲ့ရသည်။ ထို့ပြင်အက်ကြောင်းများလိုက်နေခြင်းကြောင့် ပြိုကျမှုအရေးကိုတွေး၍ ဖြိုဖျက်နေသည်များကိုလည်း မြင်တွေ့ရသည်။

“ကမ်းပါးပြိုကျပြီးတော့ အခုလောလောဆယ် ယာယီကမ်းထိန်းတွေနဲ့ လုပ်ဆောင်နေပါတယ်။ ဘာလေဒဏ် မိုးဒဏ်မှ မကြုံတွေ့ရဘဲ သူ့ဘာသာ ကမ်းပါးအိပြီးပြိုကျသွားတာပါ။ အဓိကကတော့ ရေတိုက်စားခံရတာပေါ့ဗျာ။ ပြိုကျတဲ့အထဲ မြေစိုက်နေအိမ်နှစ်လုံးကတော့ ပါသွားတယ်။ ကျန်တဲ့အိမ်လေးလုံးကလည်း ပြိုမယ့်ဘေးနဲ့ ကြုံတွေ့နေရလို့ ဖြိုဖျက်လိုက်ရတယ်။ ဘေးသင့်အိမ်ထောင်စုကတော့ စုစုပေါင်း ခြောက်စုပေါ့။ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၂ ဦးပေါ့။ သူတို့တွေကို လောလောဆယ် ခြံမြေကွက်လပ်တစ်ခုမှာ ယာယီနေရာ ချထားပေးပါတယ်။ တချို့ကလည်း သူတို့အမျိုးတွေဆီမှာ သွားရောက်နေထိုင်ကြပါတယ်။ ပြန်လည်နေရာချထားပေးဖို့အတွက်ကို တာဝန်ရှိသူတွေနဲ့ ဆက်လက်တိုင်ပင် လုပ်ဆောင်နေပါတယ်” ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးထူးဇော်အောင်က ကမ်းပါးပြိုမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းပြသည်။

တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက် ဗိုလ်မှူးစိန်လွင်လမ်း(ကမ်းနားလမ်း) တွံတေးတူးမြောင်းကမ်းနံဘေးရှိကမ်းပါးပြိုကျမှုဖြစ်စဉ်များမှာ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင်လည်းဖြစ်ပွားခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက ကမ်းပါးပြိုကျမှုကြောင့် ဂိုဒေါင်တစ်လုံး၊ နေအိမ်နှစ်လုံးမျောပါပျက်စီးခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပြိုကျမှုဖြစ်စဉ်ကြောင့် နေအိမ်ခြောက်လုံး ပျက်စီးခဲ့ရသည်ဟု မှတ်တမ်းများအရ သိရသည်။

“ဒီလို ပြိုကျမှုတွေဖြစ်နေတာ ဒီတစ်ခါနဲ့ဆို သုံးနှစ်ဆက်တိုက်ရှိသွားပါပြီ။ တွံတေးတူးမြောင်းဆိုတာက တိုးမြစ်နဲ့ လှိုင်မြစ်တို့နဲ့ ဆက်စပ်နေတာပါ။ တူးမြောင်းရေရှည်ခံဖို့ဆိုရင် အဓိကလုပ်ရမှာက တူးမြောင်းဝကိုအရင်ထိန်းရမယ်လို့ထင်ပါတယ်။ အရင်က တူးမြောင်းဝမှာ ကျောက်စီနံရံလို ကျောက်စွယ်တွေရှိပါတယ်။ အဲဒါတွေရှိတော့ ဒီဘက်ကိုရေဝင်တာက လျော့နည်းပါတယ်။ ကျောက်စီနံရံတွေပျက်စီးကုန်တာ ၁၅ နှစ်လောက်ရှိပြီလို့ ခန့်မှန်းရပါတယ်။ အဲဒါကြောင့် ရေတိုက်စားမှုတွေ ဒီဘက်ပိုင်းမှာ များလာပါတယ်။ သိသာထင်ရှားတာတစ်ခုက ခြောက်နှစ်၊ ခုနစ်နှစ်အတွင်းမှာ ရေအနက်ကပိုလာတာပါပဲ။ ရေအဝင်များလာတယ်လို့ ပြောရမှာပါ။ အဲဒါကြောင့် ပြောချင်တာကအခုလို ကမ်းပါးပြိုတဲ့နေရာတွေကို အရင်ဆုံး လိုက်လံပြုပြင်နေမယ့်အစား အဓိကဖြစ်တဲ့ တူးမြောင်းဝကို အရင်ပြုပြင်ထိန်းသိမ်းသင့်တယ်လို့ ပြောချင်ပါတယ်။ ကမ်းပါးပြိုတဲ့နေရာတွေကိုသာ လိုက်လုပ်နေမယ်ဆို ဒီနေရာပြုပြင်ပြီးရင် အခြားတစ်နေရာက ထပ်ဖြစ်နေဦးမှာပါ။

ရေကြောင်းပြောင်းလဲမှုကြောင့် ရေတိုက်စားခံရပြီး တွံတေးဝရွာဆိုတာ ပျောက်လုနီးပါးအခြေအနေရောက်နေပါပြီ။ ဆိုလိုတာက ရေလမ်းကြောင်း ကျယ်လာတာကို ပြောချင်တာပါ။ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ကမ်းပြိုမှုတွေကလည်း ဆက်တိုက်ဆိုသလိုဖြစ်နေပါတယ်။ နောက်ထပ်ကမ်းပြိုမှုတွေဖြစ်လာနိုင်တာက အိုးဖိုအရှေ့ဘက်ပိုင်းတွေ ဖြစ်လာနိုင်ပါတယ်။ ပြုပြင်ထိန်းသိမ်းမှုတွေကိုသာ အချိန်မီမလုပ်ဆောင်ဘူးဆိုရင် ကျွန်တော်ထင်ပါတယ်။ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ကမ်းနားလမ်းတစ်လမ်းလုံး အကုန်ပါသွားနိုင်ပါတယ်”ဟု ဦးခင်ဝင်းက ဆက်လက်ရှင်းပြသည်။

အဆိုပါကမ်းပြိုသည့်နေရာမှ မိသားစုဝင်များအတွက် နှစ်ရက်စာ ထမင်းနှင့်ဟင်းကို ဌာနဆိုင်ရာများနှင့် အိုးဖိုအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးထားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် အလှူရှင်များက အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် Family Kit များ၊ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို လှူဒါန်းကြကြောင်းသိရပြီး ကမ်းပြိုမှုဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန်များထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၅/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ပြင်ဆင် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၉/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၀/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးထွန်းထွန်းဦးကို ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၆/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၅) | ဦးမော်သန်း | ပြည်ထောင်စု<br>စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ<br>ခက်အောင် | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးအယ်လ်ဖောင်းရှို | ဝန်ကြီးချုပ်<br>ကယားပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းခင်ထွေးမြင့် | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးဆလိုင်းလျန်လွယ် | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာလဲ့လဲ့မော် | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းသိန်း | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာ<br>အောင်မိုးညို | ဝန်ကြီးချုပ်<br>မကွေးတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာ<br>ဇော်မြင့်မောင် | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဦးမင်းမင်းဦး | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးညီပု | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာ<br>လင်းထွဋ် | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးမန်းဂျော်နီ | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီး<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာ<br>မျိုးအောင် | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄) နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမော်သန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၂/၂၀၁၆
(၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်)
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၅) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာဝင်းသိန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၃/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်တင်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၄/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ကချင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးသူရမျိုးတင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးဝေလင်း | ဘဏ္ဍာ၊အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| (၃) ဦးဝင်းညွန့် | လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန |
| (၄) ဦးမြသိန်း | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၅) ဦးHလအောင် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၆) ဦးနေဝင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၇) ဒေါက်တာသင်းလွင် | လူမှုရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၇/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးဇော်လွင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးဖြိုးဝင်းထွန်း | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) ဦးတိုပင် | လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၄) ဦးမြင့်မောင် | သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၅) ဦးကြည်လှိုင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၆) ဦးမြင့်စန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကရင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၅/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### ကရင်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ကရင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးအောင်လွင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးသန်းနိုင် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၃) ဦးစောမြင့်ဦး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၄) ဦးစိုးလှိုင် | လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန |
| (၅) ဦးစောပြည်သာ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၆) ဒေါက်တာတင်ဝင်းကျော် | လူမှုရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၈/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးနိုင်ဦး | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးတင်နွယ်ဦး | ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) ဦးစိုးမြင့် | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၄) ဒေါက်တာခင်မောင်အေး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၅) ဦးဇော်မင်း | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၆) ဦးမြင့်ဇော် | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၆/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးကျော်သန့်နိုင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးစိုးဦး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) ဦးကမ်ဇာမုံ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၄) ဦးသန်းညွန့်ဝင်း | လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) ဦးမြင့်ကြည် | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၆) ဒေါက်တာဇော်ဝင်း | လူမှုရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၉/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)

### မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးမျိုးမင်းအောင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဒေါက်တာစိုးသန်း(ခ) ဦးကျော်စိုးသန်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) ဦးဇာနည်အောင် | လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၄) ဦးမျိုးသစ်(ခ)ဦးပါလေး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၅) ဦးမြတ်သူ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၆) ဒေါက်တာရဲလွင် | စည်ပင်သာယာရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်မြို့၌ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ် ရုံးခွဲဖွင့်လှစ်မည်

မြန်မာနိုင်ငံ ရန်ကုန်မြို့တော်၌ ဘဏ်ခွဲတစ်ခုဖွင့်လှစ်မည့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးရေးဘဏ်(BIDV)၏အစီအစဉ်ကို ဗီယက်နမ်နိုင်ငံတော်ဘဏ် (SBV)က မတ် ၃၁ ရက်တွင် အတည်ပြုလိုက်ကြောင်း VNS သတင်းတွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ် ရန်ကုန်ရုံးခွဲ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၅ သန်းခန့်ရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ရုံးခွဲဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှခွင့်ပြုချက်ကို မတ်လအတွင်းက ရရှိခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးရေးဘဏ်မှာ မြန်မာနိုင်ငံတွင် ရုံးခွဲတစ်ခုဖွင့်လှစ်မည့် ပထမဆုံးသော ဗီယက်နမ်ဘဏ်ဖြစ်လာမည်ဖြစ်သည်။

ယခုနှစ်အစောပိုင်းကလည်း ရုရှားနိုင်ငံ မော်စကိုမြို့တော်၌ ကိုယ်စားလှယ်ရုံးတစ်ရုံးဖွင့်လှစ်ရန် ဗီယက်နမ်နိုင်ငံတော်ဘဏ်က ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်အား ခွင့်ပြုခဲ့သေးသည်။ ၂၀၁၅ ခုနှစ်အတွင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်၏ အခွန်မဆောင်မီအမြတ်အစွန်းမှာ ဗီယက်နမ်ဒေါင် ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၅ သန်း) ကျော်ရှိပြီး စုစုပေါင်းပိုင်ဆိုင်မှုပမာဏမှာ ဗီယက်နမ်ဒေါင် ၈၅၇ ထရီလီယံရှိကြောင်း သိရသည်။

(သုတ)

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးတင်အောင်ထွန်း — လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(၂) ဦးမြင့်သောင်း — စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
(၃) ဦးဟံထွန်း — စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန
(၄) ဒေါ်နီလာကျော် — လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(၅) ဦးမောင်မောင်စိုး — စည်ပင်သာယာရေးဝန်ကြီးဌာန
(၆) ဦးနိုင်ငံလင်း — လူမှုရေးဝန်ကြီးဌာန

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၂/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါတိုင်းဒေသကြီးဝန်ကြီးများကို ယှဉ်တွဲဖော်ပြပါ မြို့တော်ဝန်များအဖြစ် တာဝန်ပေးအပ်လိုက်သည်-

(၁) ဦးမောင်မောင်စိုး — စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်မြို့တော်ဝန်
(၂) ဒေါက်တာရဲလွင် — စည်ပင်သာယာရေးဝန်ကြီးဌာန မန္တလေးမြို့တော်ဝန်

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မွန်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)**

### မွန်ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် မွန်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဝန်ကြီးချုပ်ဦးမင်းမင်းဦး — စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန
(၂) ဗိုလ်မှူးကြီးဝင်းနိုင်ဦး — လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
(၃) ဦးမင်းထင်အောင်ဟန် — လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန
(၄) ဒေါက်တာထိန်လင်း — လူမှုရေးဝန်ကြီးဌာန
(၅) ဦးထွန်းငွေ — စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန
(၆) ဒေါက်တာမင်းကြည်ဝင်း(ခ) နိုင်ကြည်ဝင်း — သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၇) ဦးဝဏ္ဏကျော် — စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဖိနပ်စီးပါရစေ

**ကျော်ရင်မြင့်**

အရာရှိလူကြီးမင်းများက အင်မတန် တစ်ထီးတစ်နန်းနေချင်တာပါ။ သူတို့ရုံးခန်းတွေထဲကို ပြည်သူလူထုက ဖိနပ်စီးဝင်လို့မရဘူး။ အရာရှိကြီးတွေက ပြည်သူလူထုကို သူတို့ထက် တစ်ရည်နိမ့်ချ ဆက်ဆံတာလို့ ကျွန်တော်ခံစားရပါတယ်။

ရုံးဌာနတစ်ခုခုက အရာရှိရုံးခန်းထဲကို ဝင်တယ်ဆိုရင် အဝင်ဝမှာ ဖိနပ်ချွတ်ပြီး ခြေဗလာနဲ့ဝင်ရပါတယ်။ ရုံးခန်းအများစုကတော့ “ဖိနပ်ချွတ်ပါ”ဘာဘာ ညာညာစာကပ်မထားပါဘူး။ ဒါပေမယ့် သူတို့ရုံးဝန်ထမ်းတွေကိုယ်တိုင်က အရာရှိ အခန်းထဲဝင်တဲ့အခါ ဖိနပ်ချွတ်ပြီးဝင်တော့ ရုံးကိုကိစ္စရှိလို့ လာရသူ ပြည်သူလူထုကလည်း သူ့အကြိုက် ဖိနပ်ချွတ်ပြီး ရိုရိုသေသေ ဝင်တွေ့လိုက်ရတာပါ။

ဖိနပ်မချွတ်ဘဲဝင်ရင်ကော ဘာဖြစ်လဲ။ မချွတ်ချင်မချွတ်နဲ့ပေါ့။ ဖိနပ်ချွတ်ပါလို့ စာရေးကပ်ထားတာမှ မဟုတ်ဘဲလို့ ကတ်တီးကတ်ဖဲ့ ပြောချင်သူလည်းရှိမယ်။ ရုံးဌာနတွေနဲ့ ဆက်ဆံရသူအများစုကတော့ လူကြီးမင်းများ ရုံးခန်းထဲဝင်ပြီး အရာရှိမင်းများကိုခစားတဲ့အခါ ဖိနပ်မချွတ်ဘဲ မဝင်ရဲတာ အမှန်ပါ။ ရုံးဌာနကို လာရတယ်ဆိုကတည်းက ကိစ္စတစ်ခုခုပေါ်လို့ လာရတာပါ။ (ဖြစ်နိုင်ရင် ယခုအချိန်အထိ ရုံးဌာနတွေနဲ့ ပတ်သက်ချင်တဲ့ လူကောင်းသူကောင်းနည်းပါသေးတယ်။) ရုံးတစ်လုံး ဓားတစ်စင်းဆိုတဲ့ ခေတ်ကမကုန်တတ်သေးတော့ ရုံးအကြီးအကဲလူကြီးမင်းတွေက ဓားထက်ပါတယ်။ ကိုယ့်ကိစ္စကိုသူမကြည်ရင်မကြည်သလို ထစ်ထားနိုင်ခွင့်ရှိသေးတော့ လူကြီးမင်း အလိုမကျမှာကို ဘာဆိုဘာမျှ ပြည်သူလူထုက လုပ်ဝံ့ကြသေးတာမဟုတ်ပါဘူး။ သူ့ရုံးခန်းထဲဝင်ရင် ဖိနပ်ချွတ်စေချင် ချွတ်လိုက်ရတာပါ။

အချို့အရာရှိမင်းတွေက သူတို့ရုံးခန်းကိုတစ်ထီးတစ်နန်းဆင်မြန်းပြင်ဆင်ထားတတ်တယ်။ ရုံးခန်းကြမ်းပြင်ကို ဖယောင်းကော်ဇော၊ မွေးပွကော်ဇော ခင်းထားတယ်။ (ဒါမျိုး ပြင်ဆင်ပေးချင်တဲ့ စပွန်ဆာများလည်းရှိကြပါတယ်။) ဒီလိုခင်းထားတဲ့အပေါ်မှာ ဖိနပ်စီးရင် ရိုင်းရာကျပေတာပေါ့။ (သို့ပေမယ့်အရာရှိလူကြီးမင်းကတော့ သူ့အိမ်သူ့ရာပေမို့ ဖိနပ်စီးထားလေ့ရှိတယ်။) ပြည်သူလူထုခမျာတော့ ခြေဗလာဝင်ရပါတယ်။

အရာရှိမင်းအများစုက သူတို့စံမြန်းတဲ့ရုံးခန်းကို ဘုရားခန်းလို ပြင်ဆင်ထားတတ်တယ်။ ရုံးခန်းထဲမှာ ဘုရားစင်ရှိတယ်။ ဘုရားပန်းအိုးတွေ ဝေဝေဆာဆာ၊ ရွှေထီးငွေထီးတံခွန်ကုက္ကားတွေနဲ့ အပြီးအပြင် ဘုရားစင် လုပ်ထားလေ့ရှိတယ်။ ဘုရားခန်းလိုဖြစ်နေတဲ့ လူကြီးမင်း စံမြန်းရာအခန်းမှာဖိနပ်စီးရင် မိုက်ရိုင်းရာ ကျပေတော့မှာပေါ့။ ဒီတော့ ရုံးကိစ္စနဲ့ အများပြည်သူနဲ့ဆိုင်တဲ့ ရုံးကိုလာရတာဖြစ်ပေမယ့် ပြည်သူလူထုခမျာ ဘုရားဝတ္တကမြေကို နင်းသလို ဖိနပ်ချွတ်ရတော့တာပါပဲ။

ဒီနေရာမှာရုံးခန်းနဲ့ ဘုရားစင်အကြောင်းလည်း ပြောချင်ပါသေးတယ်။ အရာရှိမင်းများ ဘုရားနဲ့ တရားနဲ့ နေကြတာ ဝမ်းသာပါတယ်။ ဘုရားရှင်တိုင်းရဲ့ အဆုံးအမ တည်မယ်၊ ဘုရားရှင်များရဲ့အဆုံးအမကိုလိုက်နာပြီး အခြားသူတွေအပေါ်မှာမေတ္တာစေတနာထားမယ်၊ အကူအညီပေးမယ်၊ နှိပ်စက်ကလူမပြုဘူးဆိုရင် သာဓုခေါ်စရာကောင်းပါတယ်။

သို့ပေမယ့် အရာရှိမင်းများရဲ့ ရုံးခန်းထဲမှာ ဘုရားစင်တွေ ဘာကြောင့်ထားကြတာလဲ။ ဘုရားတရားကို အမြဲထာဝရ သတိရနေစေဖို့လား။ ဒါမှမဟုတ် ကိုယ်လုပ်ကိုင်နေတဲ့ အလုပ်က မင်းခစားယောကျ်ား ကမ်းနားကျောက်တုံးဆိုသလို ပြုတ်စရာရှိရင် ပလုံခနဲ တစ်ချက်တည်းမြုပ်သွားတတ်တာမို့ ကြောက်လန့်တကြား အားကိုးရာရှာတဲ့အနေနဲ့ (နတ်ကိုကိုးကွယ်တာလို)ရုံးခန်းထဲမှာဘုရားစင်ထားရတာလား။ မေးစရာ မေးခွန်းတွေကတော့ အများကြီးပါပဲ။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံသားတိုင်း ဘာသာသာသနာရေးမှာ လွတ်လပ်စွာကိုးကွယ်နိုင်တဲ့ အခွင့်အရေးရှိတယ်လို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း သူယုံကြည်ရာသာသနာကို ကိုးကွယ်မှာဖြစ်ပါတယ်။ ပြည်သူလူထုကိုဝန်ဆောင်မှုပေးရတဲ့အရာရှိမင်းရဲ့ ရုံးခန်းမှာ ဘုရားစင်ထားခြင်းဟာ သူ့ရဲ့လွတ်လပ်စွာ ကိုးကွယ်ခွင့်ဖြစ်ပေမယ့် အခြားသာသနာကိုးကွယ်ယုံကြည်သူကို ဖိနပ်ချွတ်ဝင်စေတယ်ဆိုရင် စဉ်းစားစရာ ဖြစ်လာပါတယ်။

လူတိုင်းလူတိုင်းဟာ နှလုံးသားထဲမှာကိုယ်ကိုးကွယ်ယုံကြည်တဲ့ သာသနာရဲ့အဆုံးအမတွေ တည်နေသင့်ပါတယ်။ ဘုရားရှိခိုးချင်တယ်၊ ဘုရားကိုအလေးအမြတ်ထားချင်တယ်ဆိုရင် ကိုယ်ပိုင်ဆိုင်နေထိုင်ရာ ကိုယ့်အိမ်ဂေဟာမှာ ကိုယ့်စိတ်တိုင်းကျ လုပ်ဆောင်သင့်တယ်။ အများပြည်သူနဲ့ဆိုင်တဲ့ရုံးခန်းဟာ တကယ်တော့ ကိုယ်ပိုင်တဲ့နေရာမဟုတ်တာကြောင့် စဉ်းစားထိုက်ပါတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူသီတင်းသုံးတဲ့ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ ဖိနပ်စီးခွင့်ပြုပါတယ်။ သာသနာတော်ပြန့်ပွားစည်ပင်စေရေးအတွက် လူတွေနဲ့ ဘုန်းကြီးကျောင်းတွေ ပိုမိုထိတွေ့နီးစပ်ဖို့လိုအပ်တယ်လို့ ဆရာတော်ကြီးကမြင်ပါတယ်။ အစဉ်အလာအရ ဖိနပ်ချွတ်ဝင်ရတဲ့ ဘုန်းတော်ကြီးကျောင်းကို လူတွေ ဝင်/ထွက်ရတာ လွယ်ကူအောင် ဖိနပ်စီးခွင့်ပြုတာလို့ သိရပါတယ်။ ခေတ်အမြင်ရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ယခုအခါ ဖိနပ်စီးခွင့်ပေးနေကြပါပြီ။

ဒါပေမယ့် အရာရှိမင်းများက သူတို့ရှေ့ကို ဝင်ရောက်တွေ့ဆုံတဲ့အခါ ဘာကြောင့် ဖိနပ်ချွတ်စေချင်ကြတာပါလဲ။ မင်းနဲ့ပြည်သူအဆင့်အတန်းခွဲခြားလိုတဲ့ သဘောပဲလား။ စဉ်းစားရမယ့် အချိန်ရောက်လာပါပြီ။

ပြောင်းလဲချိန်တန်ပြီလို့ သူရောကိုယ်ပါ ကြွေးကြော်ခဲ့ကြတယ်။ အပြောင်းအလဲကိုလိုလားကြိုဆိုတယ်လို့လည်းသူရောကိုယ်ပါ ဆိုခဲ့ကြပါတယ်။ အရာရှိမင်းများ တကယ်ပြောင်းလဲချင်တာဟုတ်ပါရဲ့လား၊ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြစေချင်ပါတယ်။ ဒီမိုကရေစီအပြောင်းအလဲကြီးကို ပြည်သူလူထုနဲ့အတူ စိတ်တူကိုယ်တူမခွဲမခြားဘဲ ပြည်သူ့အကျိုးဆောင်ကြမှာလား။ ရွေးချယ်တင်မြှောက်ခံရပြီး တာဝန်ကြီးကြီး ပေးအပ်ခံရတဲ့ပုဂ္ဂိုလ်တွေက ကျွန်တော်ဟာ ပြည်သူရဲ့ အစေခံပါ”လို့ ထုတ်ဖော်ပြောကြားတဲ့ခေတ်ကာလမှာ အရာရှိမင်းတွေကလည်းပါးပါးနပ်နပ်နဲ့ ပြောင်းလဲချိန်တန်ပြီ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ဝန်ကိုဆောင်ဖို့ ပြည်သူ့ဘဏ္ဍာငွေနဲ့ခန့်အပ်ထားတာဖြစ်တာမို့ ပြည်သူလူထုနဲ့ တစ်သားတည်းကျဖို့ လိုပါတယ်။ အဆောင်အယောင်တွေကို ကိုယ့်အသိနဲ့ကို လျှော့ချရမယ့်အချိန် ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ အရာရှိမင်းတွေအကြားမှာ ခြားထားတဲ့ အတားတွေကိုဖယ်ရှားရမယ့်အချိန်ဖြစ်ပါတယ်။

ရုံးခန်းများထဲမှာဖိနပ်စီးပါရစေ။

**ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံသားတိုင်း ဘာသာ သာသနာရေးမှာ လွတ်လပ်စွာ ကိုးကွယ်နိုင်တဲ့အခွင့်အရေး ရှိတယ်လို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း သူယုံကြည်ရာ သာသနာကို ကိုးကွယ်မှာ ဖြစ်ပါတယ်။ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရတဲ့ အရာရှိမင်းရဲ့ ရုံးခန်းမှာ ဘုရားစင်ထားခြင်းဟာ သူ့ရဲ့လွတ်လပ်စွာ ကိုးကွယ်ခွင့်ဖြစ်ပေမယ့် အခြားသာသနာကိုးကွယ်ယုံကြည်သူကို ဖိနပ်ချွတ်ဝင်စေတယ်ဆိုရင် စဉ်းစားစရာ ဖြစ်လာပါတယ်။**

# နွေရာသီကျူရှင်နှင့် အယ်နီညို

ကျူရှင်ကို ကျွန်တော်ဘယ်တော့မှ အားမပေးပါ။ ကလေးဆရာဝန်တစ်ဦးဖြစ်သော ကျွန်တော့်အနေဖြင့် ကလေးတစ်ယောက် တစ်နေ့ကို ၁၀ နာရီလောက်ကြာအောင် စာသင်ခန်း သို့မဟုတ် ကျူရှင်ဝိုင်းထဲမှာ ထိုင်နေရတာ အဲဒီကလေး၏ စိတ်ရောကိုယ်ပါကျန်းမာရေး၊ ထွင်းဖောက်တွေးခေါ်နိုင်စွမ်းနှင့် ပေါင်းသင်းဆက်ဆံရေးကို အကြီးအကျယ် ထိခိုက်စေနိုင်ရုံသာမက နိုင်ငံ၏ အနာဂတ်အတွက်ပါ အနုတ်လက္ခဏာပြသည်ဟု ယူဆပါသည်။

မိဘတွေကတော့ ဆင်ခြေပေးကြသည်။ ကျောင်းမှာသင်နေတာတွေနှင့် မလုံလောက်ပါတဲ့။

ကိုင်း. . .

အခုပညာရှင်တွေ ပြောခွင့်ဆိုခွင့်ရှိလာသော ခေတ်စပါပြီ။ ပြောကြဆိုကြပါစို့။ ကလေးတစ်ယောက် လေ့လာသင့်သောပညာကို ကျောင်းချိန်အတွင်းမှာ အပြီးသင်ပေးပြီး ကျောင်းချိန်ပြင်ပမှာ ကစားချိန်၊ နားချိန်၊ စိတ်ဝင်စားရာ၊ ဝါသနာပါရာ လုပ်ချိန်နှင့် လူမှုဆက်ဆံရေးပတ်ဝန်းကျင်ကို လေ့လာချိန်တို့ ကျန်အောင် ဝိုင်းဝန်းကြိုးစားကြပါစို့ရဲ့။

ဒါကတစ်ပိုင်း။

ယခုရာသီမှာ ကျွန်တော်အရေးတကြီး ဆွေးနွေးလိုသည့် ကိစ္စက နွေရာသီကျူရှင်များအကြောင်းဖြစ်သည်။ ကျူရှင်ဟုဆိုသော်လည်း ပုဂ္ဂလိကကျောင်းအချို့ကလည်း နွေရာသီတွင် မပိတ်ကြတော့ သူတို့လည်းပါနေသည်။ ကျွန်တော်ငယ်ငယ်က ခုနစ်တန်းအထိ ကျူရှင်မတက်ဖူးပါ။ ခုနစ်တန်းအောင်တော့ ဖေဖေက ကျူရှင်စထားတယ်။ နွေရာသီ ကျူရှင်ပါ။ အင်္ဂလိပ်စာကို သဒ္ဒါသက်သက်သင်သော ကျူရှင်ဖြစ်သည်။ ကျောင်းစာနှင့် ပတ်သက်မှုမရှိ။ အဲဒီကျူရှင်တက်ခဲ့ရသည်။ အကျိုးဆက်ကို ကျွန်တော်တစ်သက်လုံးခံစားခွင့်ရခဲ့တာအမှန်။

သို့သော် ကျွန်တော်တို့တက်ရသည့် နွေရာသီကျူရှင်က တစ်ပတ်မှ နှစ်ရက်။ တစ်ရက်မှ နှစ်နာရီသာ။

ယခု နွေရာသီမှာဖွင့်သည့် ကျူရှင်၊ ကျောင်းတွေက ကျောင်းကြီးတက်သလို အပြည့်တက်နေရတာဖြစ်သည်။

**အပူကြောင့် သတိလစ်မူးမေ့ခြင်း အဆင့်ရောက်သွားလျှင် အသက်အန္တရာယ်ပါ စိုးရိမ်ရနိုင်သည်။**

ဆရာကြီး ဦးထွန်းလွင်(မိုးလေဝသ)ကလည်း သတိပေးထားသည်။ အယ်နီညိုနှစ်ပါတဲ့။ ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်းတွေ မြင့်မားနေပါသည်တဲ့။ ကလေးတွေနေပူထဲ မထွက်သင့်ပါတဲ့။

အရိပ်ထဲမှာ လေအေးစက်နှင့် သင်နေကြသည်ဆိုတာ ကျွန်တော်သိပါသည်။ သို့သော် အသွား/အပြန်တွေကိုလည်း ထည့်စဉ်းစားသင့်သေးသည်။ ကလေးတွေက ကားပေါ်မှာရော ကားအတက်/အဆင်းမှာပါ အပူဒဏ်မိနေကြသည်။

ညနေပိုင်းကျတော့ ကျွန်တော့်ဆေးခန်းခေါ်လာကြရော။ ကလေးက မှိုင်တွေနေလို့တဲ့။ အစားလည်း ကောင်းကောင်းမစားဘူး။ တချို့ အန်ပါသည်။ ခေါင်းကိုက်သည်။ အသားလေးတွေ ပူနေသည်။ တိုင်းကြည့်တော့ အဖျားကမရှိ။ ရှိလျှင်လည်း ၉၉-၁၀၀။

Heat Exhaustion ဟု ခေါ်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေကြတာပါ။ အဲဒီကနေ ဆက်ဆိုးသွား၍ Heat Stroke ခေါ် အပူကြောင့် သတိလစ်မူးမေ့ခြင်းအဆင့်ရောက်သွားလျှင် အသက်အန္တရာယ်ပါ စိုးရိမ်ရနိုင်သည်။

တချို့ နွေရာသီကျောင်းတွေက ရေကူးတာတွေ၊ လေ့ကျင့်ခန်းလုပ်တာတွေ ပါသေးသည်။ ကျောင်းက မထည့်ထားလျှင်တောင်မှ ကလေးတွေက အားလပ်ချိန်တွင် ထွက်ကစားတာတွေရှိသည်။ အဲဒါတွေက မွန်းတည့်နေလိုဟာမျိုးတွင် ကလေးတွေကို နေပူထဲရောက်နေစေတတ်သည်။ အဲဒါတွေ မထိန်းနိုင်လို့ကတော့ စောစောက နောက်ဆက်တွဲ အပူလိုင်းပြဿနာတွေ ဝင်လာတော့မည်။

နိုင်ငံခြားသားအုပ်ချုပ်ပြီး နိုင်ငံခြားသား ဆရာတွေ သင်သော ကျောင်းတွေ နွေရာသီ မပိတ်ကြတာကလည်း အကြောင်းရှိသည်။ သူတို့က ဆောင်းရာသီမှာ ကျောင်းရက်ရှည်ပိတ်တတ်သော ဒေသတွေက လာတာလေ။ ဆောင်းရာသီမှာ ရာသီဥတုက ကြမ်းတာကိုး။ နွေရာသီတွေက သာယာလွန်းတော့ ကျောင်းတော့ပိတ်သည်။ သို့သော် ကျောင်းက ဦးစီးစီစဉ်သော ခရီးတို၊ ရှည်တွေတောင် ထွက်လေ့ရှိသည်။

ဒါမျိုး ဒီနိုင်ငံမှာ အတုခိုးရတာက ခပ်ခက်ခက်။

နွေရာသီကြမ်းတမ်းသောဒေသမဟုတ်ပါလား။ အထူးသဖြင့် သည်နွေတော့ ဆင်ခြင်ကြစေချင်သည်။

အယ်နီညိုနွေမဟုတ်ပါလား။

**ဆန္ဒမွန်ဖြင့်**
**လက်ာရည်ကျော်**

## ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**နေပြည်တော် မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ ဖြေဆိုကြရာ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင်စုစုပေါင်း ၂၇၇၉၅ ပါးအနက် ၂၁၉၅၆ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၉၉ ရာခိုင်နှုန်းဖြေဆိုကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်/ ဓားလက်နက်များ ဗုက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့်အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသောအစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ/မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဒသမ သူညသုညနှစ်ခွန်

တစ်နှစ်လုံးလုံး
ပြုစုသူမရှိ
ယုယသူမရှိ
စေ့စေ့ကြည့်သူပင် မရှိ . . .
ဖြာခနဲဝေတော့မှ
ချိုး ကြ
ချွေ ကြ
အော် ကြ
ခေါ် ကြနဲ့
ပျော် ကြပါ၏ . . .

ကိုလေး(အင်းဝဂုဏ်ရည်)

## ဧရာဝတီမြစ်အထက်ပိုင်းတွင် မြစ်ရေတိုးနိုင်

**နေပြည်တော် မေ ၅**

ဧရာဝတီမြစ်အထက်ပိုင်းတွင် မတ်လကုန်ခန့်တွင် မြင့်တက်ခဲ့သော မြစ်ရေများသည် မေ ၅ ရက် မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးရက်အတွင်း သုံးပေခွဲခန့်၊ မြင်းမူမြို့တွင် နှစ်ရက်အတွင်း သုံးပေခန့်နှင့် ပခုက္ကူမြို့တွင် တစ်ရက်အတွင်း တစ်ပေခန့် အသီးသီးမြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း မြင်းမူမြို့တွင် ပေဝက်ခန့်၊ နောက်တစ်ရက်မှ သုံးရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့်၊ နောက် သုံးရက်မှ ခုနစ်ရက်အတွင်း အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**



# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် မေ ၅**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြထားသော **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**အဖြစ် **ဦးဖေဇင်ထွန်း**နှင့် **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**အဖြစ် **ဒေါက်တာမျိုးသိမ်းကြီး**တို့ကို လည်းကောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်**အဖြစ် **ဦးထွန်းထွန်းဦး**နှင့် **ပြည်ထောင်စုစာရင်းစစ်ချုပ်**အဖြစ် **ဦးမော်သန်း**တို့ကိုလည်းကောင်း ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်းကြေညာသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့တွင် လွှတ်တော်၏သဘောတူညီမှု ရယူပြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် အတည်ပြုဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ အနက်မှ အဖွဲ့ဝင် ၄ ဦးသည် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ကော်မရှင်အဖွဲ့ဝင်များအဖြစ်မှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းကော်မတီဝင်များမှာ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဝင်းမြတ်အေး၊ အဖွဲ့ဝင် ဒေါက်တာမြင့်ထွေး၊ ဦးစိုးရယ်နှင့် ဦးအောင်မြင့်တို့ဖြစ်ကြောင်း။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ နုတ်ထွက်သွားသည့်နေရာတွင် ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(ဟောင်း) ဦးဝင်းထိန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်(ငြိမ်း) ဦးညီထွန်းနှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဘိုဝင်းတို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် **အစား** ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်းဖြင့် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို မေ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်တွင် ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ ကတိသစ္စာပြုခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း ပြည်သူ့လွှတ်တော်က အတည်ပြု

**နေပြည်တော် မေ ၅**
အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအား ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့၌ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်၊ အပိုဒ်ခွဲများအား အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်သီဟ၊ ဗိုလ်မှူးကြီးထွန်းမြတ်ရွှေနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ၎င်းတို့တင်သွင်းထားသည့် ပြင်ဆင်ချက်အဆို(၁၃)ခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်က ယခုတင်သွင်းသည့် ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကျော်လွန်မှုများရှိနေသည်ဟု တပ်မတော်သားကိုယ်စားလှယ်များက ဆွေးနွေးမှုများပြုခဲ့ကြောင်း၊ ထို့ကြောင့် ယခု ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိအောင် လိုအပ်သော ပြင်ဆင်သုံးသပ်မှုများကို ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းမပြုဘဲ ဥပဒေပြင်ဆင်သည့် ပုဒ်မများကို မဲခွဲဆုံးဖြတ်ခြင်းများပြုလုပ်ပြီး အတည်ပြုမှုများ ဆက်လက်ဆောင်ရွက်မည်ဆိုပါက တပ်မတော်သားကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်ရန် အခက်အခဲရှိမည်ဖြစ်ပြီး မဲပေးခြင်းများ ဆောင်ရွက်မည်မဟုတ်ကြောင်း တင်ပြသည်။

ထို့အတူ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟကလည်း ယခုဥပဒေကြမ်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ပါ စကားရပ်များကို စိစစ်လေ့လာသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီသည့် စကားရပ်ကို ပြင်ဆင်ပေးရန် အဆိုပြုဆွေးနွေးခဲ့ပါကြောင်း၊ ယင်းအဆိုပြုချက်များကို လက်ခံခြင်းမပြုဘဲ မဲခွဲဆုံးဖြတ်မည်ဆိုလျှင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆုံးဖြတ်ချက်ကိုကန့်ကွက်ပြီး မဲပေးခြင်း ပြုလုပ်မည်မဟုတ်ကြောင်း တင်ပြသည်။

ပြင်ဆင်ချက်အဆို တင်သွင်းထားသူများ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း ထားရှိသင့်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့သည်။

ထို့နောက် ဥပဒေကြမ်း၏ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် စက်ခလုတ်နှိပ် မဲခွဲဆုံးဖြတ်ရာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မဲပေးခဲ့ခြင်းမရှိသော်လည်း ထောက်ခံဆန္ဒမဲများသည့်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ကျင်းပစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်၏ဆန္ဒရယူရာ သဘောတူသူများသည့်အတွက် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း အတည်ပြုကြေညာသည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်ကန့်ကွက်ခဲ့ကြသည်။

ယင်းဥပဒေကြမ်းအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၉၉ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၅**
ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မေ ၅ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ စက်မှုလက်မှုကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးအပါအဝင် ကော်မတီ ၃ ခုကို ဖွဲ့စည်းအတည်ပြုဆောင်ရွက်လိုက်သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပရာတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းကို လွှတ်တော်တွင် တင်သွင်းပြီး တိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီမှုရယူခြင်းနှင့် အတည်ပြုခြင်းကို ဆောင်ရွက်သည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဦးသက်ထွန်းဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးဝေဖြိုးဟန်နှင့် ရွေးချယ်ခံတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး၊ ဆိပ်ကမ်းများ၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်သွားရမည် ဖြစ်သည်။

ဆက်လက်၍ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းတင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့သည်။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးသာအောင်၊ အတွင်းရေးမှူးအဖြစ် ဦးညီညီနှင့် ရွေးချယ်ခံကိုယ်စားလှယ် ခုနစ်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းအတည်ပြုဆောင်ရွက်ခဲ့သည်။

ယနေ့ ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ကော်မတီ ၃ ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး (သို့မဟုတ်)

စာမျက်နှာ ၉ ကော်လံ ၁ သို့



## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၅**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Miroslaw Zasada အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Miroslaw Zasada အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအဖွဲ့အစည်း ဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို အလေးထားပြီး ပြည်သူ့သဘောဆန္ဒကို လေးစားရမည်

**နေပြည်တော် မေ ၅**

ပြည်သူများသည် အစိုးရကပေးသည့် သတင်းအချက်အလက်နှင့် သုံးသပ်ချက်များသာမက အများပြည်သူ၏ ထင်မြင်ချက်၊ အယူအဆများကို နားထောင်ရခြင်းဖြင့် အသိအမြင် ပြည့်ဝသည့် ပြည်သူလူထုဖြစ်လာမည် ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြန်ကြားရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများတွေ့ဆုံပွဲတွင် ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။




ပြည်ထောင်စုဝန်ကြီးက မိမိတို့လက်ထက်တွင် အစိုးရက အများပြည်သူကို တစ်ဖက်သတ်ပြောဆိုခြင်းများလည်း ဆောင်ရွက်မည်မဟုတ်ဘဲ အများပြည်သူကို အစီရင်ခံသည့် သဘောသက်ရောက်သော အသိပေးမှုများအပြင် အများပြည်သူက အစိုးရကို ဝေဖန်ထောက်ပြပြောဆိုလိုသည်များကိုလည်း ဖော်ပြပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲချိန်တန်ပြီဟူသည့် စကားရပ်နှင့်အညီ အပြောင်းအလဲများ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၏ မဆီလျော်သည့် လုပ်ရပ်များနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြသည့်အချက်များ၊ အကြံပြုချက်များကို တင်ပြပေးရန် တာဝန်ရှိသကဲ့သို့ အများပြည်သူအကြားမှ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အသိအမြင်ကြွယ်ဝသည့် ပုဂ္ဂိုလ်များ၏မတူညီသည့်အမြင်များ၊ တူညီသည့်သဘောထားများကိုလည်း ဖော်ပြပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အမြင်အမျိုးမျိုးဖြင့် ပိုမိုပြည့်ဝလာမည်ဖြစ်ကြောင်း။

ထို့အတူ အစိုးရသစ်အနေဖြင့် ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို အလေးထားပြီး ပြည်သူ့သဘောဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းဟူသည့် လောကပါလတရားထွန်းကားသည့် လူ့အဖွဲ့အစည်းဖြစ်ရန် ရှေးရှုပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ လစ်သူယေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူယေးနီးယားနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပေကျင်းမြို့အခြေစိုက် ပထမဆုံးသံအမတ်ကြီးအဖြစ် မစ္စ အီနာမာစီယိုလီယိုညက်အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်ပါသည်။

မစ္စ အီနာမာစီယိုလီယိုညက်သည် ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဗီလ်နီယက်စ်တက္ကသိုလ်၌ လစ်သူယေးနီးယား ဘာသာစကားကို အင်္ဂလိပ်ဘာသာစကားမှ ဘာသာပြန်ဆိုခြင်းအထူးပြုဖြင့် စာပေလေ့လာသင်ယူခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပါရီမြို့ရှိ သံတမန်ရေးရာနှင့် မဟာဗျူဟာလေ့လာမှုစင်တာတွင် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ပါရဂူသင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ၎င်းသည် ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ သတင်းထောက်၊ ဒုတိယစာတည်းမှူး၊ စာတည်းမှူး စသည်ဖြင့် လုပ်ကိုင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပွင့်လင်းလူ့အဖွဲ့အစည်းရန်ပုံငွေအဖွဲ့၊ လစ်သူယေးနီးယား ပွင့်လင်းလူ့အဖွဲ့အစည်းရန်ပုံငွေအဖွဲ့/ ဆိုရော့စ် ဖောင်ဒေးရှင်း စသည်တို့တွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ယူနက်စကိုဆိုင်ရာ လစ်သူယေးနီးယား အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အရှေ့မိတ်ဖက်ဆောင်ရွက်မှုအဖွဲ့ဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ လစ်သူယေးနီးယားနိုင်ငံမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ဒီမိုကရေစီနိုင်ငံများအဖွဲ့တွင် ညှိနှိုင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လက်တင်အမေရိက၊ အာရှ၊ အာဖရိကနှင့် ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ မစ္စ အီနာ မာစီယိုလီယိုညက်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ လစ်သူယေးနီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် လစ်သူယေးနီးယား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် ပိုလန်ဘာသာ စကားတို့ကိုကျွမ်းကျင်စွာ ပြောဆိုနိုင်ပါသည်။

**(သတင်းစဉ်)**

◗ **စာမျက်နှာ ၈ မှ**

ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ နည်းဥပဒေ ၆၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါကော်မတီ၏ သက်တမ်းကို တစ်နှစ်သတ်မှတ်ထားပြီး တစ်နှစ်ပြည့်ပါက ပြန်လည်သုံးသပ်၍ လိုအပ်ပါက သင့်တော်သလို လဲလှယ်တာဝန်ပေးအပ်သွားမည်ဟု သိရသည်။ ကော်မတီများအနေဖြင့် တာဝန်၊ လုပ်ပိုင်ခွင့်များကိုအသုံးပြုကာ လွှတ်တော်သို့ အစီရင်ခံစာများ တင်ပြရမည်ဖြစ်ကြောင်းသိရသည်။

"လူမှုရေးနဲ့ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ လုပ်ဆောင်မှုတွေကတော့ များပါတယ်။ အဲဒီမှာ တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ ဟာမျိုးတွေကော၊ ရှေးဟောင်းအမွေအနှစ်တွေနဲ့ ပတ်သက်လို့ ထိန်းသိမ်းတဲ့ တာဝန်တွေ၊ ရုပ်ရှင်ရုံတို့၊ ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာရေးတို့ဆိုတော့ ကဏ္ဍနယ်ပယ်အရ အတော်လေးကို စုံပါတယ်။ လက်ရှိ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တာဝန်တွေက ကဏ္ဍနယ်ပယ်စုံတော့ ပတ်သက်တဲ့ ဌာနဆိုင်ရာတွေအားလုံးကို စောင့်ကြည့်ရုံတင်မဟုတ်ဘူး၊ အဆင့်မြှင့်တိုးတက်မြင့်မားဖို့အတွက်ကိုလည်း ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ လုပ်ပိုင်ခွင့်အနေနဲ့ကတော့ ဥပဒေဘောင်အတွင်းကနေပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဥပမာ စည်ပင်ဆိုရင်လည်း စည်ပင်နဲ့ ပတ်သက်တဲ့ ယိမ်းယိုင်မှုတွေ တည့်မတ်မယ်။ ကျွန်တော့်မြို့နယ်အနေနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် သောက်သုံးရေကန်တွေ၊ ရေတုံကင်အကွက်တွေကို ရောင်းစားထားတဲ့ ကိစ္စတွေ၊ သောက်ရေကန်တွေက လူထုအတွက် ပေးအပ်ထားတယ်ဆိုပေမယ့်လည်း အသက်မဝင်ဘဲ ပျက်စီးယိုယွင်းနေတဲ့ ကိစ္စတွေပါ။ ကျွန်တော့်မြို့နယ်ကို အခြေတည်ပြီး ပြောတာပါ။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးအနေနဲ့ဆိုရင် အဲဒီလိုကိစ္စရပ်တွေ အများကြီးပါ"ဟု လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက ၎င်းပါဝင်ဆောင်ရွက်သွားမည့်ကော်မတီနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

လွှတ်တော်အစည်းအဝေးကို ကော်မတီ သုံးရပ်ဖွဲ့စည်းဆောင်ရွက်အပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များ လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီးနောက် အစည်းအဝေးကို ရပ်နားခဲ့ကာ မေ ၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ဆုနှင်းလှဲ့)**

ကြေးမုံ

ဧပြီ ၆၊ ၂၀၁၆

○ **ကျောဖုံးမှ**

**မေး။ ။ ကိုမြအေး နိုင်ငံရေးလောကထဲစဝင်လာဖြစ်ပုံနဲ့ လက်ရှိတာဝန်ယူထားတဲ့အပိုင်းကို ပြောပြပေးပါ။**

**ဖြေ။ ။** ကျွန်တော် ၁၉၈၆ ခုနှစ်မှာ ဘွဲ့ရပြီး ၁၉၈၈ ကျောင်းသားလှုပ်ရှားမှုကြီးမှာ ပါခဲ့တယ်။ အဲဒီကာလတွေမှာ ဘွဲ့ရကျောင်းသားများအဖွဲ့ဆိုပြီး ကျွန်တော်တို့ လှုပ်ရှားခဲ့ကြတယ်။ ၁၉၈၉ ခုနှစ်မှာ မတရားအသင်းမှာ ပါဝင်ပတ်သက်မှု၊ နိုင်ငံတော်အရေးပေါ်စီမံချက်ဥပဒေအရ ထောင်ဒဏ်ရှစ်နှစ် အပြစ်ပေးခြင်း ခံခဲ့ရတယ်။ ၁၉၉၆ ခုနှစ်မှာ ကျွန်တော်လွတ်တယ်။ ၂၀၀၅ ခုနှစ် ကျောင်းသားတွေ ပြန်လွတ်လာတဲ့အခါမှာ ၈၈ မျိုးဆက်ကျောင်းသားများမှာ ကျွန်တော်ပါခဲ့တယ်။ ၂၀၀၆ ခုနှစ်မှာ လက်မှတ်ရေးထိုးဆန္ဒပြမှု၊ အဖြူရောင်လှုပ်ရှားမှု၊ ဆုတောင်းဆန္ဒပြလှုပ်ရှားမှု၊ စာအရေးအသားနဲ့ လှုပ်ရှားဆန္ဒပြမှုတွေကို ပြုလုပ်ခဲ့တယ်။ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၁ ရက်ညမှာတော့ ကျွန်တော်တို့ အကုန်ဖမ်းဆီးထိန်းသိမ်းခံရတယ်။ ထောင်ဒဏ် ၆၅ နှစ်နဲ့ ၆ လကျခဲ့တယ်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှာ ထောင်ကနေပြန်လွတ်မြောက်ခဲ့ပြီး အခုတော့ လက်ရှိ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားရေးရာဌာန တာဝန်ခံအတွင်းရေးမှူးတစ်ယောက်အနေနဲ့ ဆက်လက်ဆောင်ရွက်နေတယ်။

**မေး။ ။ ထောင်ကလွတ်လာပြီးချိန်မှာကော နိုင်ငံရေးလှုပ်ရှားမှုတွေအနေနဲ့ ဘာတွေကို ဦးစားပေးလုပ်ဖြစ်လဲ။**

**ဖြေ။ ။** ထောင်ကလွတ်လာပြီးတဲ့အချိန် အရင်ဦးတည်ပြီးလုပ်ဖြစ်တာက ငြိမ်းချမ်းရေးကိစ္စကို ဇောင်းပေးပြီးလုပ်ဖြစ်တာပဲ။ အဓိက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာတွေ၊ ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ဖို့ဆိုရင် တိုင်းရင်းသားအရေးကိစ္စကို မဖြေရှင်းဘဲနဲ့ ဘယ်လိုမှ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မှာမဟုတ်ဘူးလို့ ကျွန်တော်တို့ ယုံကြည်တယ်။ ဒါကြောင့် တိုင်းရင်းသားတွေ တန်းတူညီမျှအခွင့်အရေးရရှိရေး၊ တိုင်းရင်းသားတွေမျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ရောက်ဖို့အတွက် ကျွန်တော်တို့ကြိုးစားခဲ့တယ်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လိုအပ်ချက်တွေကို တိုင်းရင်းသားတွေနဲ့ ကျွန်တော်တို့ ပြောဆိုတယ်။ ညှိနှိုင်းတယ်။ တစ်ဖက်ကလည်း ဒီအချိန်မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဦးအောင်မင်းဦးဆောင်တဲ့ MPC ( မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)ဆိုတော့ အဲဒီကို သွားပြီးတိုက်တွန်းတယ်။ ပြောဆိုတယ်။ ညှိနှိုင်းတယ်။ ဖိအားပေးတယ်။ အဲလိုမျိုး အရင်အစိုးရလက်ထက်မှာ ကျွန်တော်တို့ တောက်လျှောက်လုပ်ခဲ့တယ်။ ငြိမ်းချမ်းရေးညီလာခံမှာလည်း ကျွန်တော်နဲ့ ကိုကိုကြီးတို့ ကိုယ်စားလှယ်တွေအနေနဲ့ တက်ခဲ့တယ်။

**မေး။ ။ ဒါဆို ကိုမြအေးက ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတာဆိုတော့ အရင်အစိုးရလက်ထက်က လုပ်ဆောင်ခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လိုအပ်ချက်တွေက လက်ရှိအစိုးရအတွက် ဘယ်လိုစိန်ခေါ်မှုတွေဖြစ်သွားနိုင်လဲ။**

**ဖြေ။ ။** ငြိမ်းချမ်းရေးပြဿနာက သိပ်အရေးကြီးတယ်။ အရင်သမ္မတဦးသိန်းစိန်လက်ထက်တုန်းက အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရှိတယ်။ မရေးထိုးရသေးတဲ့အဖွဲ့တွေလည်းရှိတယ်။ အဲတော့ လက်ရှိအစိုးရလုပ်နိုင်တာက ရက် ၁၀၀ အတွင်း သိသာထင်ရှားတဲ့ပြောင်းလဲမှုအတွက် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ တွေ့ဆုံသင့်တယ်။ မရေးထိုးရသေးတဲ့အဖွဲ့တွေနဲ့လည်း ညှိနှိုင်းမှုစသင့်ပြီလို့မြင်တယ်။ ရက် ၁၀၀ အတွင်းမှာ လက်မှတ်ရေးထိုးပွဲကျင်းပနိုင်ရမယ်လို့ဆိုလိုတာ မဟုတ်ဘူး။ ညှိနှိုင်းမှုစသင့်ပြီလို့ ပြောတာပါ။ အဲလိုလုပ်ခြင်းအားဖြင့် ဘာကြောင့် လက်မှတ်မရေးထိုးလဲ၊ ဘယ်လိုလက်မှတ်ရေးထိုးဖြတ်သန်းကြမလဲဆိုတဲ့ ကောင်းတဲ့လမ်းစတွေကို အစရှာလို့ရမယ်။

**မေး။ ။ ဒါဆို အစ်ကိုတို့ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအနေနဲ့ အစိုးရသစ်နဲ့အတူတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါလား။**

ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ အနေအထားကတော့ လက်ရှိအစိုးရက ငြိမ်းချမ်းရေးကိုဘယ်လိုပေါ်လစီချမှတ်ပြီးတော့ ဖော်ဆောင်သွားမလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ ပြီးတော့ လက်ရှိအစိုးရက ကျွန်တော်တို့အတွက် မဟာမိတ်ပါ။ ပိုပြီးတောင် ကျွန်တော်တို့ လုပ်ဆောင်ပေးရမှာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် တိုင်းရင်းသားတွေ တန်းတူညီမျှအခွင့်အရေး ရရှိဖို့အတွက် လက်နက်ကိုင်အချင်းချင်း ညှိနှိုင်းတဲ့ကိစ္စရပ်တွေမှာကော ဒေသခံပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကိုရော အစိုးရသိအောင် ကြိုးစားသွားမယ်။

ပြောင်းလဲလာတဲ့ အခြေအနေကာလမှာ တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို လက်ရှိအစိုးရက ပိုမိုဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။

**မေး ။ ။ DVB DEBATE မှာ ပြောခဲ့သလို အစိုးရသစ် ရက်ပေါင်း ၁၀၀ အတွင်း ပြုပြင်ပြောင်းလဲမှုတွေကို စတင်အကောင်အထည်ဖော်တဲ့အချက်များစွာထဲမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ မဖြစ်မနေဆောင်ရွက်သင့်တယ်ဆိုတဲ့အပေါ် အစ်ကို့အမြင်ပြောပြပေးပါ။**

**ဖြေ ။ ။** ဒီဘိတ်မှာလည်းထောက်ပြတယ်။ အစိုးရရဲ့ရက် ၁၀၀ မှာ ထင်သာမြင်သာရှိတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးတွေ လုပ်လို့ရတာတွေရှိတယ်။ ဥပမာအားဖြင့် အခုမြန်မာ့အလင်းသတင်းစာတို့၊ ကြေးမုံသတင်းစာတို့ဆို ပုံစံလေးတွေပြောင်းသွားတယ်။ ဒါထင်သာမြင်သာရှိတဲ့ ကိစ္စရပ်မျိုးတွေပေါ့။ ဒါက အချက်အလက်ပိုင်းဆိုင်ရာ သေးသေးလေးပေါ့ဗျာ။ ဒါပေမယ့် ဒီသေးသေးလေးပြောင်းလဲမှုက လူထုရဲ့စိတ်ချမ်းသာမှုကို အများကြီးပေးစွမ်းနိုင်တယ်။ ခုဆိုတော်တော်များများ သတင်းစာကို ဒီရက်ပိုင်းပြန်ဝယ်လာတာ တွေ့တယ်။ အရင်တုန်းက သတင်းစာကို မဖတ်ကြဘဲ။ ဒါဟာ ထူးခြားတဲ့အပြောင်းအလဲတစ်ခုလို့ ပြောလို့ရပါတယ်။ ဘယ်လောက်ပဲပေးပေး အဲလိုပဲ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို စိတ်ချမ်းသာမှုပေးနိုင်တဲ့အချက်ရှိတယ်။ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ပါ။ ဖမ်းဆီးထိန်းသိမ်းထားခံရပြီး တရားရင်ဆိုင်နေရဆဲဖြစ်တဲ့ ကျောင်းသားတွေ၊ နိုင်ငံရေးသမားတွေအပါအဝင် ပြည်ပမှာရှိနေတဲ့ ဒီမိုကရေစီလိုလားသူတွေ၊ အကြောင်းကြောင်းကြောင့် နိုင်ငံတကာကိုထွက်သွားရတဲ့သူတွေကို ပြန်စုစည်းပေးစေချင်တယ်။ အဲဒီအတွက် အခြေခံကျတာက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ပဲ။

**မေး ။ ။ ပြည်သူတွေကလည်း မျှော်လင့်ကြတယ်။ အစိုးရသစ်လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားတွေကိုအချိန်တိုအတွင်း လွှတ်ပေးလိမ့်မယ်လို့။ ဒါပေမယ့် နိုင်ငံရေးအကျဉ်းသားတွေကို အစိုးရသစ်လက်ထက် ငါးရက်တာကာလမှာ ဘာကြောင့် လွှတ်ပေးဖို့ မဖြစ်နိုင်သေးဘူးလို့ အစ်ကိုမြင်လဲ။**

**ဖြေ ။ ။** ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ သမ္မတလုပ်ပိုင်ခွင့်မှာ တစ်ခုက လွတ်ငြိမ်းသက်သာခွင့်ပါ။ ကျွန်တော်တို့လွတ်သလို လွှတ်ပေးလို့ရတဲ့အခြေအနေရှိတယ်။ အဲဒါက ထောင်ကျတဲ့သူတွေအပေါ်မှာ အကျုံးဝင်တယ်။ နောက်တစ်ခုက နိုင်ငံရဲ့ ကာ/လုံဆုံးဖြတ်ချက်နဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်ပြောခဲ့သလို အထွေထွေလွတ်ငြိမ်းသက်သာခွင့်ပေးသင့်တယ်။ ဒါကို နိုင်ငံတော်သမ္မတကြီးအနေနဲ့ စစ်တပ်ပိုင်းဆိုင်ရာ ခေါင်းဆောင်တွေနဲ့ ညှိနှိုင်းပြီးတော့ ကာ/လုံအတွင်းမှာ အကောင်းဆုံးအကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ မျှော်လည်းမျှော်လင့်တယ်။ မလွှတ်ဘူးဆိုလို့ရှိရင် တက်လာတဲ့အစိုးရအပေါ်မှာ ပြည်သူတွေရဲ့ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အမြင်တိမ်းစောင်းစရာမျိုးမဖြစ်စေချင်ဘူး။ အဲလိုပဲ တပ်မတော်ပေါ်မှာလည်း အမြင်တိမ်းစောင်းတာမျိုးကို မဖြစ်စေချင်ဘူး။ ဒါတကယ့်အပြုသဘောဆောင်တွေးပြီးပြောတာပါ။ ကျန်ခဲ့တဲ့ ခေတ်ဆိုး၊ စနစ်ဆိုးတွေကို ပြန်ပြီးမပြောချင်ပါဘူး။ ဒါပေမယ့် အရှေ့ကိုတော့ ကောင်းကောင်းလျှောက်ချင်တယ်။

**မေး ။ ။ အစိုးရသစ်အနေနဲ့ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးကောင်းမွန်အောင် မဖြစ်မနေဆောင်ရွက်သင့်တယ်လို့ အစ်ကို DEBATE မှာ ပြောသွားသေးတယ်။ ဘာကြောင့်လဲ။**

**ဖြေ ။ ။** စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးက တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့အချက်ပါ။ အဲဒီအချက်သာ မတည်ဆောက်နိုင်ဘူးဆိုရင် တိုင်းပြည်အနာဂတ်မကောင်းနိုင်ပါဘူး။ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးခေါင်းစဉ်အောက်မှာ စစ်သားလည်းပါတယ်။ ရဲလည်းပါတယ်။ စစ်သားတွေ၊ ရဲတွေမပါဘူးဆိုတာ မဟုတ်ဘူး။ အခုသွားတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ကနေမှလုပ်တဲ့ ရွေးကောက်ပွဲကို ဖြတ်သန်းပြီးသွားတဲ့ လမ်းကြောင်း၊ ဆိုလိုချင်တာက တော်လှန်ရေးတစ်ရပ်ကိုဆင်နွှဲပြီးသွားတာမဟုတ်ဘူး။ တစ်ဆင့်ချင်းတစ်ဆင့်ချင်း ဆင့်ကဲဖြစ်စဉ်ကို အခြေခံပြီးသွားတဲ့လမ်းကြောင်းဖြစ်တဲ့အတွက် စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးပြေလည်ဖို့လိုတယ်။ တချို့နားလည်တာက စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးလို့ ပြောလိုက်ရင် စစ်ဘက်ရဲ့အလိုကို အားလုံးလိုက်ဆိုတဲ့ လွဲမှားတဲ့အယူအဆတွေဖြစ်ကြတယ်။ မဟုတ်ပါဘူး။ စစ်တပ်ရဲ့သဘောသဘာဝ ပင်ကိုစရိုက်တွေကို သိရှိ နားလည်အောင် ကြိုးစားမယ်။ နိုင်ငံရေး ဒီမိုကရက်တစ်အင်အားစုတွေရဲ့ ပင်ကိုစရိုက်သဘောသဘာဝတွေကို စစ်တပ်နားလည်အောင် လုစ်ဟပြရမယ်။ နှစ်ဖက်နားလည်အောင်လုပ်၊ နှစ်ဖက်ပေါင်းပြီး တိုင်းပြည်ကို ပြောင်းလဲအောင် လုပ်နိုင်တာတွေကို ပြောတာပါ။ အဲဒါကြောင့် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးကို ဒီရက်ပေါင်း ၁၀၀ အတွင်းမှာ အကောင်အထည်ဖော်နိုင်မယ့် နည်းနာတွေ၊ ဗျူဟာတွေကိုချပေးပြီး လုပ်ဆောင်သင့်ပြီလို့ ကျွန်တော်မြင်တယ်။ ဒါတွေကို မြင်ချင်မှမြင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမယ့်သိပ်အရေးကြီးတယ်။ အခုဟာက အရပ်သား စစ်စစ်နဲ့ စစ်တပ် ၂၅ ရာခိုင်နှုန်းပေါင်းပြီးမှ ဆက်သွားမယ့် ခေတ်။ ခေတ်က တစ်ဆင့်ချင်းတစ်ဆင့်ချင်း ရွေ့လာတာကိုပြောတာ။ ဒီအရွေ့ကိုကြည့်မယ်ဆိုရင် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးကောင်းအောင် ထူထောင်ဖို့လိုတယ်လို့ မြင်တယ်။ နောက်တစ်ခုက အငြင်းပွားဖွယ်ရာဖြစ်နေတဲ့ ပညာရေးပေါ်လစီနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ ပြန်စသင့်တယ်လို့ မြင်တယ်။ ဘာလုပ်ပါလို့ မညွှန်းဘူး။ ဆွေးနွေးပွဲတွေ ပြန်စရင်ပဲ။ ဒါဟာ ရက် ၁၀၀ အတွင်းမှာ ထူးခြားတဲ့အလုပ်တစ်ခုလို့ မြင်ပါတယ်။

**မေး ။ ။ ဒါဆို အခုလက်ရှိ နိုင်ငံရေးအခြေအနေက ဘယ်လိုတွေဖြစ်နိုင်လဲ။**

**ဖြေ ။ ။** လက်ရှိအခြေအနေအရကတော့ နိုင်ငံရေးစကားပြောတာနော်။ ချစ်ခြင်း၊ မုန်းခြင်း မပါပါဘူး။ နိုင်ငံရေးစကားပြောတဲ့အခါမှာတော့ တိတိလင်းလင်း ပြောဖို့လိုပြီလို့ထင်တယ်။ ကျွန်တော်မြင်တဲ့အမြင်ကတော့ ကျွန်တော်နည်းနည်းစိတ်ပူတယ်။ စိုးရိမ်တယ်။ တစ်ဖက်နဲ့တစ်ဖက် ကျွန်တော် စောစောကပြောသလို စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေး ကောင်းမလာဘဲ ပိုဆိုးသွားမှာကို စိုးရိမ်တယ်။

မျိုးဆက် တစ်ခုနဲ့တစ်ခု ပြောင်းလဲလာတာနဲ့အညီ ကျွန်တော်ထင်ပါတယ်။ စစ်တပ်ပိုင်းဆိုင်ရာ ခေါင်းဆောင်ပိုင်းတွေရဲ့အမြင်တွေလည်း ပြောင်းလဲလာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။

ဒီအပေါ်မှာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု၊ နားလည်မှုကို ခိုင်ခိုင်မာမာဖြတ်သန်းသွားမယ့် အခြေအနေမျိုးကို ကျွန်တော်မြင်ချင်ပြီဗျ။ ဒါကလည်း NLD က ဒီလမ်းကြောင်းကို ရွေးချယ်ထားတာလေ။ ကျွန်တော်တို့ကလည်း အဲဒါကို မြင်ချင်ပြီ။ အဲဒါမှလည်း လက်ရှိအစိုးရရဲ့ ငါးနှစ်တာကာလက တိုင်းပြည်အတွက် အသွင်ကူးပြောင်းတဲ့ကာလတစ်ရပ် ပီပီပြင်ပြင် ဖြစ်လာလိမ့်မယ်။ အဲလိုဆို ၂၀၂၀ နောက်ပိုင်းတိုင်းပြည်က အရမ်းအားကောင်းသွားလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ ခုက စီးပွားရေးပဲကြည့်ကြည့်၊ ကျန်းမာရေး၊ လူမှုရေးပဲကြည့်ကြည့်၊ ပညာရေးပဲကြည့်ကြည့် အကုန်ချွတ်ခြုံကျသွားပြီ။

ကျွန်တော်တို့သိပ်ပြီးတော့ စကားလုံးအကြီးကြီးတွေရွတ်နေလို့ မရတော့ဘူးလို့ မြင်တယ်။ အဓိကက ဒီလိုချွတ်ခြုံကျတဲ့အခါမှာ စိတ်ဓာတ်ရေးရာ ချွတ်ခြုံကျမှုတွေက ပိုအရေးကြီးတယ်။ ပြဿနာတစ်ခုဖြစ်ပြီဆိုရင် စရိုက်ဆန်တဲ့ သွေးဆူမှုမျိုးတွေ များလာတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှုသဘာဝတွေ ပျောက်လာတယ်။ အဲဒါတွေကို ပြန်တည့်မတ်ဖို့လိုတယ်လို့ မြင်တယ်။

**မေး ။ ။ အစိုးရသစ်အပေါ် ပြည်သူတွေရဲ့မျှော်လင့်ချက် အလွန်ကြီးမားနေတာက လက်ရှိအစိုးရအတွက် ပြည်သူတွေ ဘယ်လိုနားလည်ပေးနိုင်ဖို့လိုအပ်လဲ။**

**ဖြေ ။ ။** လက်ရှိနိုင်ငံရေးအခြေအနေကို သုံးသပ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်လင့်ချက် အလွန်ကိုကြီးမားပါတယ်။ နိုင်ငံတစ်ခုကို တည်ဆောက်တယ်ဆိုတာ နေ့ချင်း၊ ညချင်း တည်ဆောက်လို့မရပါဘူး။ အခုတက်နေတဲ့ NLD အစိုးရက စိန်ခေါ်မှုတွေ၊ ရင်ဆိုင်ရမယ့်အခက်အခဲတွေ၊ ကျော်လွှားရမယ့်ပြဿနာတွေ အများကြီးရှိနေပါတယ်။

**မေး ။ ။ ခုခေတ်လူငယ်တွေ နိုင်ငံရေးကို စိတ်ဝင်စားပြီး နိုင်ငံရေးလုပ်တယ်။ နိုင်ငံရေးလောကထဲ ဝင်လာကြတဲ့အပေါ် အစ်ကိုရဲ့ နိုင်ငံရေးအပေါ်ထားတဲ့ ခံယူချက်ကို ပြောပြပေးပါ။**

**ဖြေ ။ ။** အခုခေတ်လူငယ်တွေအနေနဲ့ နိုင်ငံရေးထဲကိုဝင်လာတာ လူငယ်တွေ နိုင်ငံရေးလုပ်တာကောင်းတယ်။ ငါတို့နိုင်ငံကို ကောင်းအောင်လုပ်မယ်။ တိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေ ပါလာတာကိုက ကောင်းတယ်။ စလုပ်ကာစတုန်းကတော့ လွဲမှားမှုတွေ၊ လွဲချော်မှုတွေရှိမှာပဲ။ ကျွန်တော်တို့ ငယ်တုန်းကလည်း ဒီလိုပါပဲ။ ဒါ့ကြောင့် လူငယ်တွေ နိုင်ငံရေးလုပ်လာတာကို ကြိုဆိုပါတယ်။

ဒါပေမယ့်ပြောချင်တာတစ်ခုက နိုင်ငံရေးဆိုတာ အမုန်းတရားပေါ်မှာ အခြေခံတာမဟုတ်ဘူးဗျ။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအရ မေတ္တာတရားကိုအခြေခံတဲ့ နိုင်ငံရေးမျိုးကို သွားချင်ပါတယ်။ အဲဒီလိုပဲ ဖြစ်သင့်တယ်လို့ မြင်တယ်။ အခုချိန်က တိုင်းပြည်ကို ပြန်တည်ဆောက်ရမှာဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် ပုတ်ခတ်တိုက်ခိုက်ပြီးသွားရတော့မယ့်နိုင်ငံရေးမဟုတ်တော့ဘူးလို့ ပြောချင်တယ်။ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ တွေ့ရတယ်။ ငါတို့ဘက်ကလူ လုပ်ရင်တော့ လက်ခုပ်တီးမယ်။ တခြားဘက်က လူလုပ်ရင်တော့ အတင်းပြောမယ်ဆိုတဲ့အစွဲတွေ ကင်းနိုင်သမျှကင်းအောင်ထားကြဖို့ လိုအပ်တယ်။

လူငယ်တွေကိုလည်း စစ်တပ်မို့လို့ မုန်းတာမျိုးမဖြစ်စေချင်ပါဘူး။ နိုင်ငံရေးဆိုတာ မူအပေါ်မှာအခြေခံပါတယ်။ ပုဂ္ဂိုလ်ရေး ချစ်ခြင်း၊ မုန်းခြင်းနဲ့ မဆိုင်ပါဘူး။ မူတူတယ်ဆို ပုဂ္ဂိုလ်ရေးဘယ်လောက်ဆိုးဆိုး လက်တွဲလို့ရပါတယ်။ မူမတူဘူးဆိုရင် ပုဂ္ဂိုလ်ရေးဘယ်လောက်ကောင်းကောင်း လက်တွဲလို့မရပါဘူး။

မေတ္တာကိုအခြေခံတဲ့နိုင်ငံရေးကို အားထုတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ခင်ဇာလီ**

◆ **မဟာသင်္ကြန်အကြိုမှ**

ဂီတပွဲတော်တွင် တရုတ်နိုင်ငံရဲ့ ကမ္ဘာကျော် လူငယ်စန္ဒရားတေးသံရှင် ဝမ်းယန်၊ နိုင်ငံကျော်အသံမြှင့်အမျိုးသမီးတေးသံရှင် ခေါ်လုဝါး နှင့်နိုင်ငံတော်အဆင့် လူငယ်နှစ်ကြိုးတပ်အိုးရှည် တယောပညာရှင် ယွိရှယ်တို့က ဖျော်ဖြေတင်ဆက်ခဲ့သည်။

ထို့နောက် အမှတ်တရဂုဏ်ပြုပန်းစည်းပေးအပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

တေးသံရှင်ခေါ်လုဝါးသည် ဂျပန်နိုင်ငံ၌ကျင်းပသော လိပ်ပြာမယ်တော် ဒုတိယအကြိမ်မြောက် နိုင်ငံတကာတေးသီချင်းပြိုင်ပွဲတွင် ပထမ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတုတ္ထအကြိမ်မြောက် နိုင်ငံတကာတေးသီချင်းပြိုင်ပွဲတွင် ပထမ ရရှိခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ (၀၀၂)

# ကုန်ကျစရိတ်သက်သာသော ရေကြောင်းကုန်စည်ပို့ဆောင်မှုကဏ္ဍ တိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လို

**ရန်ကုန် မေ ၅**

ကုန်စည်ကူးသန်းရောင်းဝယ်မှုကဏ္ဍတွင် ရေကြောင်းကုန်စည်ပို့ဆောင်မှုကဏ္ဍသည် အရေးပါလျက်ရှိပြီး အခြားသော သယ်ယူပို့ဆောင်ရေးများထက် ကုန်ကျစရိတ်သက်သာသောကြောင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပညာရှင်များက သုံးသပ်ဆွေးနွေးသည်။

မြန်မာနိုင်ငံ၏ အရေးအပါဆုံးဖြစ်သည့် ဧရာဝတီမြစ်အပါအဝင် ရေအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် အမျိုးသားရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေး၊ မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့အတွက် ပြည်တွင်း ပြည်ပပညာရှင်များနှင့် သက်ဆိုင်ရာဌာနများ ချိတ်ဆက်ကာ ဆောင်ရွက်သွားနိုင်ရန်အတွက် မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော်၌ “ကမ္ဘာ့ရေနေ့ ၂၀၁၆” ကျင်းပကာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေးသာမက ရေနှင့်ဆက်နွှယ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးကိုလည်း အကောင်အထည်ဖော်နိုင်ရန် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“ရေကြောင်းကုန်စည်ကဏ္ဍဟာ ကမ္ဘာမှာအရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဓိကအားဖြင့်ဧရာဝတီမြစ်ကို ကုန်စည်ကူးသန်းရာမှာ အဓိကအသုံးပြုတယ်။ ရေကြောင်းနဲ့ သယ်ယူပို့ဆောင်မှုဟာ ကုန်ကျစရိတ်လည်း သက်သာတယ်။ ဧရာဝတီမြစ်အပြင် ရေအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒီကဏ္ဍမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာဖို့ လုပ်ဆောင်သွားရမှာပါ” ဟု အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ အခမ်းအနားသို့ တက်ရောက်လာစဉ် ဖြည့်စွက်ပြောကြားခဲ့သည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်အတွင်း စီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည့်အပြင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဟု သိရသည်။

ရေကြောင်းကုန်စည်ပို့ဆောင်ရေးသည် အခြားသော ကုန်စည်ပို့ဆောင်ရေးများထက် ကုန်ကျစရိတ် ပိုမိုသက်သာသည်ဟု သိရသည်။ ကုန်စည်များအား မန္တလေးမှ ရန်ကုန်သို့ ကားဖြင့်သယ်ယူပို့ဆောင်ရာတွင် ခန့်မှန်းခြေအားဖြင့် ငွေကျပ် နှစ်သောင်းကျော် ကျသင့်မည်ဖြစ်ပြီး ရေလမ်းခရီးဖြင့်သယ်ဆောင်ပါက ကျပ်ခြောက်ထောင်ကျော်သာ ကျသင့်မည်ဖြစ်သည့်အတွက် ကုန်ကျစရိတ် ၃ ဒသမ ၇ ဆ သက်သာမှုရှိသည်ဟု လေ့လာသုံးသပ်မှုများအရ သိရသည်။ **(၀၀၁)**



# မန္တလေး၌ ကျန်းမာရေးအခမဲ့စစ်ဆေး၊ ကျောက်ကပ်ရောဂါကာကွယ်ကုသရေးဟောပြော

**မန္တလေး မေ ၅**

ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၁)လမ်း (၇၀)လမ်းနှင့် (၇၁)လမ်းကြား ရန်မျိုးလုံရပ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပိတောက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကျောက်ကပ်ရောဂါအထူးကုဌာန ပါမောက္ခ/ ဌာနမှူးက ကမ္ဘာ့ကျောက်ကပ်နေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောက်ကပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်က သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများကြောင့် နောက်ဆက်တွဲကျောက်ကပ်ပျက်စီးမှုများကို လည်းကောင်း၊ ကာကွယ်ကုသနည်းများကို လည်းကောင်း၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ထားဆွေက လူခန္ဓာကိုယ်တွင် အရေးကြီးအင်္ဂါအစိတ်အပိုင်းဖြစ်သော ကျောက်ကပ်၏ဆောင်ရွက်ချက်များနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုကာကွယ်ရန်တို့ကို လည်းကောင်း ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ကမ္ဘာ့ကျောက်ကပ်နေ့အထိမ်းအမှတ်အဖြစ် တက်ရောက်လာသူများအား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါများ ရှိ၊ မရှိ သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများ အခမဲ့ဆောင်ရွက်ပေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကျောက်ကပ်ရောဂါအထူးကုဌာနမှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ၊ ပုဂ္ဂလိကဆေးရုံများမှ ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့ ဆေးခန်းများမှ ဆရာဝန်များ၊ ဖိတ်ကြားထားသူများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**



# သောက်သုံးရေပြတ်လပ်သော ကျေးရွာများအတွက် ရေများဖြန့်ဝေပေး

**အောင်လံ မေ ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်သော ကျေးရွာ ၃၂ ရွာရှိခဲ့ရာ လက်ရှိအချိန်၌ ရေပြတ်လပ်သွားသော တောင်တီးရွာသစ်ကျေးရွာအတွက် မေ ၃ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးကြည်နှင့် ဝန်ထမ်းများက သောက်သုံးရေ ဂါလန် ၉၀၀ ဖြန့်ဝေပေးခဲ့သည်။ **သိန်းလွင်(အောင်လံ)**

# ပုသိမ်ကြီးမြို့နယ်တွင် နွေစပါးစိုက်ဧက ၉၀၅၀ လျာထားပြီး နွေစပါးများ စတင်စိုက်ပျိုး

**မန္တလေး မေ ၅**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော နိုင်ငံဖြစ်သောကြောင့် ဆန်စပါးစိုက်ပျိုးခြင်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ်တည်ရှိနေသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် ဆည်ရေသောက်စနစ်ဖြင့် နွေစပါးများစတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာမှ နွေစပါးစိုက်တောင်သူတစ်ဦးက“ကျွန်တော်တို့နယ်မှာ နွေစပါးစတင်စိုက်ပျိုးနေပါပြီ။ ဆည်ရေသောက် စနစ်နဲ့ပါ။ ဒီနယ်မှာက အထွက်နှုန်းကောင်းလို့ နွေစပါးဆိုရင် ရွှေသွယ်ရင်ပဲ စိုက်တာများတယ်။ တခြားမျိုးတွေဖြစ်တဲ့ ရက်တစ်ရာမျိုး၊ ဝမ်းတမ်းမျိုး၊ မနောသုခမျိုးတို့လည်း စိုက်တယ်။ မျိုးကတော့ ပုသိမ်ကြီးမြို့လည်း သွားဝယ်ကြတယ်။ မျိုးတစ်တင်းကို တစ်သောင်းလောက်ပဲ ရှိတာပါ။

“ကိုယ့်မျိုးနဲ့ကိုယ်လည်း စိုက်ကြတယ်။ နွေစပါးက ရက်နုတော့ ပျိုးထောင်ပြီး ရက်၂၀ ဆို စိုက်လို့ရပြီ။ ကျွန်တော်တို့နယ်မှာက ရိတ်သိမ်းခြွေလှေ့စက်ကြီးတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုနေပေမယ့် ကောက်စိုက်စက်နဲ့စိုက်တာတော့ မရှိသလောက်နည်းတယ်။ စပါးစိုက်ချိန်ဆို ကောက်စိုက်သမခေါ်ရတာ မလွယ်ဘူး။ တစ်ဧကကို ကောက်စိုက်သမ ၁၅ ဦးခန့် ငှားရတယ်။ နေ့တစ်ပိုင်းအတွက် တစ်ဦးကို ငွေကျပ် ၃၀၀၀ ပေးရပါတယ်။ မိုးစပါးတုန်းကတော့ အထွက်နှုန်းလည်းကောင်း၊ ဈေးလည်းကောင်းတော့ တောင်သူတွေ အဆင်ပြေတယ်။ နွေစပါးကတော့ ဘယ်လိုလာမယ် မသိသေးဘူး”ဟု ပြောသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် စပါးကျီဟုတင်စားခေါ်သော ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၉၀၅၀ စိုက်ပျိုးရန်လျာထားကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနစာရင်းအရ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# သွင်းကုန်မြင့်တက်ခြင်းအပေါ်အကာအကွယ်ပေးမှု ဥပဒေ(မူကြမ်း)အလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှု ဥပဒေ(မူကြမ်း) ချပြရှင်းလင်းခြင်းနှင့် ဥပဒေဖြင့် လက်တွေ့ ကျင့်သုံးကာကွယ်ရာတွင် အစိုးရပိုင်းမှ ပြင်ဆင်ဆောင်ရွက်ရမည့်အခန်းကဏ္ဍ၊ ပုဂ္ဂလိကထုတ်လုပ်မှုလုပ်ငန်းရှင်များမှ ပြင်ဆင်ဆောင်ရွက်ထားရမည့် အခန်းကဏ္ဍများ ရှင်းလင်းဆွေးနွေးပွဲကို မေ ၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့်(၃၄) လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက အဖွင့်အမှာစကား ပြောကြားသည်။

UNESCAP မှ စီးပွားရေးအကြံပေး Dr.Rajan Sudesh Ratna က သွင်းကုန်ပမာဏ မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ လက်တွေ့ကျင့်သုံးရာတွင် စီးပွားရေးလုပ်ငန်းရှင်များဘက်မှ ပြင်ဆင်ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မောင်ပြည်သူ)**

# အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့အကြား တိုက်ပွဲများဖြစ်ပွား

**ဘာကူ မေ ၅**

အဇာဘိုင်ဂျန်နိုင်ငံအနောက်ပိုင်း အာမေးနီးယားနိုင်ငံက ထိန်းချုပ်ထားသည့် နယ်မြေတွင် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့အကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

နာဂါနို-ကာရာဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လွန်ခဲ့သည့် စနေနေ့ကတည်းက နှစ်နိုင်ငံကြားတိုက်ပွဲများ ဖြစ်ပွားခဲ့မှုကြောင့် လူ ၃၀ ကျော် သေဆုံးခဲ့သည်။ အဇာဘိုင်ဂျန်တပ်ဖွဲ့များအနေဖြင့် လွန်ခဲ့သည့် နှစ်ရက်က တိုက်ပွဲများအတွင်း အာမေးနီးယားတပ်ဖွဲ့ဝင် ၇၀ ခန့်ကို သတ်ဖြတ်နိုင်ခဲ့ကြောင်းနှင့် တိုက်ခိုက်ရေးယာဉ် ၂၀ ခန့်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အဇာဘိုင်ဂျန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၅ ရက်တွင် ပြောကြားသည်။

အာမေးနီးယားတို့အနေဖြင့် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေမည်ဆိုပါက ယင်းဒေသ၏ အဓိကမြို့တော်ကို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန်ကာကွယ်ရေး ဝန်ကြီးဌာနက မေ ၅ ရက်တွင် သတိပေးပြောကြားသည်။ အဇာဘိုင်ဂျန်တပ်ဖွဲ့အသီးသီးကိုလည်း တပ်လှန့်ထားပြီဖြစ်သည်ဟု ဆိုသည်။

အာမေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနကလည်း အဇာဘိုင်ဂျန်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် ကျဆုံးလျက်ရှိပြီး အဇာဘိုင်ဂျန်တပ်ဖွဲ့ဝင်များ အကျအဆုံးများလျက်ရှိကြောင်းနှင့် အာမေးနီးယားတပ်ဖွဲ့အများအနေဖြင့် တန်ပြန်တိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံက နှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲကြရန် ဝင်ရောက်ဖျန်ဖြေပေးလျက်ရှိသည်။ ရုရှားနိုင်ငံက မေ ၇ ရက်တွင် ဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်ကို အာမေးနီးယားနိုင်ငံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗရော့ဗ်ကို အဇာဘိုင်ဂျန်နိုင်ငံသို့လည်းကောင်း စေလွှတ်ရန် စီစဉ်လျက်ရှိသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက်ပိုင်း



နာဂါနို-ကာရာဘက် ဒေသသည် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့အကြား အငြင်းပွားနယ်မြေအဖြစ် တည်ရှိနေခဲ့သည်။ ယင်းဒေသတွင် အာမေးနီးယား လူမျိုးစုများ အများဆုံးနေထိုင်ပြီး အဇာဘိုင်ဂျန်မှ လွတ်လပ်ရေးတောင်းဆိုကာ အာမေးနီးယားနိုင်ငံနှင့် ပူးပေါင်းရန်ကြိုးပမ်းမှုကြောင့် ၁၉၈၈ ခုနှစ်၌ ပထမဆုံးအကြိမ် တိုက်ပွဲများဖြစ်ပွားဖြစ်ပွားခဲ့ကြသည်။ ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သော်လည်း တစ်ခါတစ်ရံတွင် တိုက်ပွဲငယ်များဖြစ်ပွားလေ့ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# တောင်ကိုရီးယားရေတပ်အတွက် သတ္တမမြောက်ရေငုပ်သင်္ဘော ရေချပွဲကျင်းပ

**ဆိုးလ် မေ ၅**

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းသင်္ဘောတည်ဆောက်ရေး စက်မှုဇုန်လုပ်ငန်းဖြစ်သော ဟွန်ဒိုင်းကုမ္ပဏီက တည်ဆောက်ပေးခဲ့သည့် ၂၁၄ အတန်းအစား ရေငုပ်သင်္ဘောတစ်စင်းကို မေ ၅ရက်တွင် ရေချကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



ရေငုပ်သင်္ဘော ရေချပွဲအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်း အူလ်ဆန်မြို့တွင် ကျင်းပသည်။ ယင်းအခမ်းအနားသို့ ရေတပ်ဗိုလ်ချုပ်လျောင်ဟိုဆပ် တက်ရောက်အားပေးကြောင်း ဟွန်ဒိုင်းကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီသည် ယင်းအတန်းအစားရေငုပ်သင်္ဘောများ တည်ဆောက်ပေးရန် အမှာစာများရရှိခဲ့သည်။ နဝမမြောက်ရေငုပ်သင်္ဘော တစ်စင်းကို ၂၀၁၄ ခုနှစ် ဖဖော်ဝါရီလမှစ၍ တည်ဆောက်ခဲ့သည်။

တောင်ကိုရီးယားရေတပ်က ယခုရေချသော သတ္တမမြောက် ရေငုပ်သင်္ဘောအား ပင်လယ်ပြင်တွင် စမ်းသပ်ခုတ်မောင်းမှုများ ပြီးစီးသည့်နောက် ၂၀၁၇ ခုနှစ် ဇူလိုင်လထက်နောက်မကျဘဲ တောင်ကိုရီးယားရေတပ်သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

တန်ချိန် ၁၈၀၀ ရှိ ယင်းရေငုပ်သင်္ဘောသည် အလျား ၆၅ မီတာ၊ အနံခုနစ်မီတာရှိပြီး ဒီဇယ်-လျှပ်စစ်အင်ဂျင်တပ်ဆင်ထားသည်။ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ရေမိုင် ၂၀ ခုတ်မောင်းနိုင်ပြီး ရေတပ်သား ၄၀ လိုက်ပါနိုင်သည်။ ယင်းရေငုပ်သင်္ဘောမှာ တောင်ကိုရီးယားရေတပ်၏ အရွယ်အစား အကြီးမားဆုံးရေငုပ်သင်္ဘောဖြစ်ကာ ရေအနက် မီတာ ၄၀၀ ထိ ငုပ်လျှိုးနိုင်ပြီး ရက်သတ္တနှစ်ပတ်ကြာ ပိတ်ပင်ခုတ်မောင်းနိုင်သည်။ **ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီနှင့် ခရီးသွားမြို့တော်အဂ္ဂရာကြား မြန်နှုန်းမြင့်ရထား စတင်ပြေးဆွဲ

**နယူးဒေလီ မေ ၅**

နယူးဒေလီမြို့တော်နှင့် တပ်ဂျ်မဟာ တည်ရှိမှုကြောင့် ထင်ရှားကျော်ကြားသော ကမ္ဘာလှည့်ခရီးသွားများ စည်ကားရာ အဂ္ဂရာမြို့ကြားပြေးဆွဲမည့် ပထမဆုံးသော မြန်နှုန်းမြင့်ရထားကို အိန္ဒိယနိုင်ငံက ယနေ့စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အိန္ဒိယမီးရထားဝန်ကြီး ဆူရက်ပရာဘူက ယနေ့နံနက်ပိုင်းတွင် မြို့တော်နယူးဒေလီရှိ ဟေဇရတ်နီ ဇာမူဒင်ဘူတာရုံ၌ မြန်နှုန်းမြင့်ရထား ဂါတီမန်အိတ်ပရက်စ်ကို စတင်ဖွင့်လှစ်ပေးလိုက်သည်။ အသစ်ဖွင့်လှစ်လိုက်သည့် မြန်နှုန်းမြင့်ရထားမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ ထိ မောင်းနှင်နိုင်ပြီး လာရောက်လည်ပတ်သူ ဧည့်သည်များအတွက် တပ်ဂျ်မဟာကို ပိတ်ထားသည့် သောကြာနေ့မှလွဲ၍ ရက်သတ္တပတ်တစ်ပတ်လျှင် ခြောက်ရက်ပြေးဆွဲမည်ဖြစ်သည်။



နယူးဒေလီမြို့တော်မှ ကီလိုမီတာ ၃၀၀ နီးပါးကွာဝေးသော အဂ္ဂရာမြို့သို့ သွားရောက်သည့်ခရီးမှာ တစ်နာရီခွဲခန့်သာ ကြာမြင့်မည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာကျော်ခန့် ကျသင့်မည်ဖြစ်ကာ ခရီးစဉ်အတွင်း ခရီးသွားများအား ရထားပေါ်၌ ဖျော်ဖြေရေးအစီအစဉ်များ ဝန်ဆောင်ပေးမည်ဖြစ်သည်။

အမြန်ရထား စတင်ပြေးဆွဲမှုမှာ အိန္ဒိယနိုင်ငံ၌ မြန်နှုန်းမြင့်ရထားဖြင့် ခရီးသွားသည့် ခေတ်သစ်တစ်ခု စတင်သည့်သင်္ကေတဖြစ်ပြီး ရထားတွဲခန်းများတွင် ဇိဝရေအိမ်များအပြင် ညင်သာစွာစီးနင်းနိုင်ရန် ဂီယာဖြင့် ဟန်ချက်ထိန်းပေးရသော တွဲဆက်များလည်း တပ်ဆင်ထားကြောင်း အိန္ဒိယမီးရထားဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ **ဆင်ဟွာ။**

# ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့စစ်ရေးအသုံးစရိတ် ပြန်လည်မြင့်တက်

**စတော့ဟုမ်း မေ ၅**

ကမ္ဘာတစ်ဝန်း၌ တင်းမာမှုများမြင့်မားလာခြင်း၏ ရလဒ်တစ်ခုအဖြစ် ၂၀၁၅ ခုနှစ်တွင် စစ်ရေးအသုံးစရိတ်ပြန်လည်မြင့်တက်လာကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့အခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနသိပ္ပံက မေ ၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြသည်။ စစ်ရေးအသုံးစရိတ် လေးနှစ်ကြာမျှ ကျဆင်းနေခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့စစ်ရေးအသုံးစရိတ်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇ ထရီလီယံရှိကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့စစ်ရေးအသုံးစရိတ် တစ်ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အရှေ့ဥရောပ၊ အာရှနှင့်အရှေ့အလယ်ပိုင်းဒေသတို့၌ စစ်ရေးအသုံးစရိတ် ပိုမိုမြင့်တက်လာခြင်းသည် ကမ္ဘာ့စစ်ရေးအသုံးစရိတ်မြင့်တက်မှု၏ အဓိကအကြောင်းရင်းဖြစ်သည်ဆို၏။

အမေရိကန်ပြည်ထောင်စုသည် စစ်ရေးအသုံးစရိတ်အများဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသော်လည်း ယင်းနိုင်ငံ၏စစ်ရေးအသုံးစရိတ်သည် ၂၀၁၄ ခုနှစ် အသုံးစရိတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် အစ္စလာမ့်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)အဖွဲ့အား ချေမှုန်းနိုင်ရေးအတွက် ပင်လယ်ရပ်ခြားအရေးပေါ်စစ်ဆင်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကို သတ်မှတ်ပေးခဲ့ကြောင်း အဆိုပါသုတေသနသိပ္ပံ၏ အထက်တန်းသုတေသီ ဆမ်ပါလိုဖရီးမင်းက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ဒုတိယစစ်ရေးအသုံးစရိတ်အများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၁၅ ဘီလီယံရှိသည်။ ဆော်ဒီအာရေဗျက အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၂ ဘီလီယံဖြင့် တတိယနေရာ၊ ရုရှားက အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄ ဘီလီယံဖြင့် စတုတ္ထနေရာတွင် အသီးသီးရပ်တည်လျက်ရှိသည်။ **ရိုက်တာ။**

# မြောက်ကိုရီးယားအား တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးကန့်သတ်

**ပေကျင်း မေ ၅**

တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ကုန်သွယ်ရေးကန့်သတ်မှုများပြုလုပ်မည်ဖြစ်ကြောင်း မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားနိုင်ငံမှ ရွှေနှင့်ရှားပါးဓာတ်သတ္တုပစ္စည်းများတင်သွင်းမှုကို ပိတ်ပင်မည်ဖြစ်ပြီး ယင်းနိုင်ငံသို့ ဂျက်လေယာဉ်လောင်စာဆီနှင့်အခြားရေနံထုတ်ကုန်များတင်ပို့မှုကို တားမြစ်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အစီအစဉ်သစ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

နျူကလီးယားနှင့် ပဲ့ထိန်းဒုံးကျည်အစီအစဉ်များ အကောင်အထည်ဖော်ခြင်းအတွက် အရေးယူဒဏ်ခတ်သည့်အနေဖြင့် ပိတ်ဆို့မှုများပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မတ်လအစောပိုင်းတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း ချမှတ်ခဲ့သည်။ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍသည် မြောက်ကိုရီးယား၏ စီးပွားရေးတွင် အရေးပါသောလုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ရရှိသောဝင်ငွေဖြင့် မြောက်ကိုရီးယားအစိုးရက စစ်ရေးအသုံးစရိတ်များ ထောက်ပံ့ပေးသည်ဟု ကျွမ်းကျင်သူပညာရှင်များက ယူဆကြသည်။ **ရိုက်တာ။**

# ချန်ပီယံလိဂ်သတင်းများ

## အယ်လ်ဂလက်စီကိုဒါဘီရဲ့နိုင်ပွဲကြောင့် ချန်ပီယံလိဂ်တွင် ဖိုလ်စွဲရန် ရီးယဲလ်မက်ဒရစ် ပိုမိုရေပန်းစားလာ




အယ်လ်ဂလက်စီကို ဒါဘီပွဲဟု တင်စားခေါ်ဝေါ်သည့် ဘာစီလိုနာ-ရီးယဲလ်မက်ဒရစ်ပွဲစဉ်တွင်ရီးယဲလ်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားပြီးနောက် ချန်ပီယံလိဂ် ဖလား ရယူနိုင်စွမ်းရှိသည့် အသင်းအဖြစ် ပိုမိုထင်ပေါ် လာခဲ့ကြောင်း စကိုင်းစပို့စ် ဘောလုံးကျွမ်းကျင်ပညာရှင် ဂူလီယမ်ဘလာဂါက သုံးသပ်လိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အဆိုပါပွဲစဉ်၌ ဘာစီလိုနာအား ကွင်းလယ်ကစားကွက် အသာရအောင် ကစားနိုင်ခြင်းမရှိသော်လည်း လျင်မြန်သည့် တိုက်စစ် မြားဦးပုံစံဖြင့် အသာရအောင် ကစားနိုင်ခဲ့သည်။ သို့သော် ဘာစီလိုနာနောက်ခံလူ ပီကေးက ရီးယဲလ် မက်ဒရစ်အား ရှုံးနိမ့်ရုံမျှဖြင့် ဘာစီလိုနာ၏ ဖလားသုံးလုံး အိပ်မက်ကို မည်သူမျှ မဖျက်ဆီးနိုင်ကြောင်း တုံ့ပြန်လိုက်သည်။ ချန်ပီယံလိဂ်တွင် ဘာစီလိုနာ၏ အခက်ခဲဆုံး ပြိုင်ဘက်မှာ ရီးယဲလ်မက်ဒရစ်ဆိုသည်ကိုလည်း ပီကေးက လက်မခံဘဲ ဘိုင်ယန်မြူးနစ်နှင့် ကွာတားဖိုင်နယ်အဆင့် တွင် တွေ့ဆုံနေသည့် အက်သလက်တီကို အသင်းတို့မှာ လည်း မာကျောလွန်းသည့် ပြိုင်ဘက်များဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်း ကွာတားဖိုင်နယ် အဆင့်တွင် တွေ့ဆုံနေသည့်အသင်းမှာ ဘွန်ဒက်စ်လီဂါ ကလပ် ဝုဖ်ဘတ်ဖြစ်နေသဖြင့် အကြိုဗိုလ်လုပွဲအဆင့်သို့ သေချာပေါက်တက်ရောက်နိုင်မည်ဟု အများစုက မျှော်လင့်ထားခြင်း ဖြစ်သည်။ ရီးယဲလ်အသင်းအား ဇီဒန်းအစားထိုး တာဝန်ယူခဲ့သည့် အချိန်မှစတင်၍ ကလပ်အသင်းမှာ ခံစစ်၊ တိုက်စစ်မျှတစွာ ကစားလာ နိုင်ခဲ့သည်။ ပီပီနှင့် ရာမို့စ်တို့ ဗဟိုခံစစ်ပိုင်း ကောင်းမွန် နေသလို တိုနီခရူးစ်နှင့် မိုဒရစ်တို့၏ ဗဟိုကွင်းလယ် နေရာ၊ စီရိုနယ်လ်ဒို၊ ဘင်ဇီမာနှင့် ဂါရတ်ဘေးလ်တို့၏ တိုက်စစ်ပိုင်းကလည်း ဂိုးရရန်မခက်သဖြင့် ယခုကဲ့သို့ ဗိုလ်စွဲရန် ပိုမိုရေပန်းစားလာခဲ့ခြင်းဖြစ် သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လာလီဂါ အမှတ် ပေးဇယားတွင်လည်း ဘာစီလိုနာအောက် ခုနစ်မှတ်လျော့ အနေအထားဖြင့် တတိယနေရာတွင်သာ ရပ်တည်နေပြီး ချီရီရှက်ဗ်အား ထည့်သွင်းကစားခိုင်းခဲ့သည့်ကိစ္စရပ်ဖြင့် ကိုပါဒယ်ရေးပြိုင်ပွဲမှလည်း ထုတ်ပယ်ခံထားရရာ တစ်ခု တည်းသော ချန်ပီယံမျှော်လင့်ချက်အဖြစ် ချန်ပီယံလိဂ် ဖလားကိုကိုင်မြှောက်ရန် ဦးတည်လာခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၀ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်အဖြစ် အကြိုဗိုလ်လုပွဲအဆင့်သို့ နှစ်စဉ် နှစ်တိုင်း တက်ရောက်နိုင်ခြင်းမှာလည်း ဗိုလ်စွဲရန်ရေပန်း စားမှုအဆင့်ကို ပိုမိုမြင့်တက်စေခြင်းဖြစ်ကြောင်း ဂူလီယမ်ဘလာဂါက ရှုမြင်သည်။ **(မေလှဲ့သင်း)**

## မန်စီးတီး ပီအက်စ်ဂျီကို အနိုင်ယူနိုင်စွမ်းရှိ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းကသာ မန်စီးတီး အား ကျော်ဖြတ်နိုင်မည်ဟု အများကထင်မှတ်ထားသော်လည်း မန်စီးတီး အသင်းအနေဖြင့် မထင်ထားသည်များကို လုပ်ပြနိုင်စွမ်းအပြည့်ရှိကြောင်း မန်စီးတီးတိုက်စစ်မှူး ဒီဘရူနီက ထုတ်ဖော်ပြောကြားလိုက်သည်။ မန်စီးတီး နှင့် ပီအက်စ်ဂျီတို့သည် ဧပြီ ၆ ရက်တွင် ပထမအကျော့အဖြစ် တွေ့ဆုံရ တော့မည်ဖြစ်သောကြောင့် ဒီဘရူနီက ပွဲကြိုအနေဖြင့် ယခုကဲ့သို့ ပြောကြား လိုက်ခြင်းဖြစ်သည်။

မန်စီးတီးသည် အဘူဒါဘီယူနိုက်တက်အုပ်စု ပိုင်ဆိုင်ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးခဲ့ပြီးဖြစ်ရာ ရှစ်နှစ်တာကာလ၏ နောက်ထပ်ခြေလှမ်းသစ်တစ်ခုအဖြစ် ချန်ပီယံလိဂ် ဖလားကိုဆွတ်ခူးရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ မန်စီးတီးအသင်းမှာ လာမည့်မေလတွင် ကလပ်အသင်း၏ ရည်မှန်းချက်အား အကောင်အထည် ဖော်နိုင်သည့်အနေဖြင့် ချန်ပီယံလိဂ်ဖလားကို ပထမဦးဆုံးအကြိမ်ဆွတ်ခူး နိုင်လိမ့်မည်ဟု ဒီဘရူနီကယုံကြည်ထားသည်။ မန်စီးတီးသည် ယခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်တွင် အဆင့်လေးနေရာအထိ ရောက်ရှိနေ သော်လည်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်သည့် တစ်ခုတည်းသော အင်္ဂလန်ကလပ်အသင်းဖြစ်နေသည်။

သို့သော် ပြိုင်ဘက်ပီအက်စ်ဂျီမှာ ကစားခဲ့သည့် အိမ်ကွင်း၂၅ ပွဲတွင် တစ်ပွဲသာရှုံးနိမ့်ထားသော အသင်းဖြစ်ရာ အများစုက မန်စီးတီးအနေဖြင့် ပီအက်စ်ဂျီကွင်းတွင် အဝေးဂိုးရရှိရန်သာ မျှော်လင့်နိုင်ကြောင်း သတ်မှတ် ထားကြသည်။ ဒီဘရူနီက မိမိတို့အသင်းသည် တိုက်စစ်ကစားဟန်ပိုင်ဆိုင် သည့်အသင်းဖြစ်သောကြောင့် အသင်း၏ မူလကစားဟန်အတိုင်း တိုက်စစ်ဖွင့်ကစားကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်မည်ဖြစ် ကြောင်း တုံ့ပြန်လိုက်သည်။ **(မေလှဲ့သင်း)**

## ဘာစီလိုနာတိုက်စစ်မှူး နေမာ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမည်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီ အသင်းအနေဖြင့် ဘာစီလိုနာ တိုက်စစ်မှူးနေမာအား ခေါ်ယူရန် စိတ်ဝင်စားမည်ဆိုပါက တိုက်စစ်မှူး နေမာက ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန်ညှိနှိုင်းဆွေးနွေး သွားမည်ဖြစ်ကြောင်း နေမာ၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့ သည်။ အသက်(၂၄)နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး နေမာသည် ဘာစီလိုနာအသင်းသို့ ရောက်ရှိလာ ခဲ့ချိန်မှစတင်ကာ ဘာစီလိုနာအသင်း အတွက် လာလီဂါပွဲပေါင်း ၈၆ ပွဲ ကစားပေးခဲ့ပြီး ၅၂ ဂိုးအထိသွင်းယူ ထားနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ၂၀၁၃ ခုနှစ်အတွင်းက ဘရာဇီးကလပ် ဆန်းတို့စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ကြေးပေါင် ၄၈ ဒသမ ၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။




တိုက်စစ်မှူးနေမာ၏ ဘာစီလိုနာ အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်ပြီး ပီအက်စ်ဂျီအသင်း က စိတ်ဝင်စားသည်ဆိုပါက အပြောင်းအရွှေ့အတွက် စဉ်းစား ပေးမည်ဟုလည်း တိုက်စစ်မှူး နေမာ၏ ကိုယ်စားလှယ်ဖြစ်သူက ဆိုသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူးမက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့၏ စွမ်းဆောင်ရည် များနှင့်အတူ ပြီးခဲ့သည့်ဘောလုံး ရာသီက တစ်နှစ်တည်းဖလား သုံးလုံးဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း လာလီဂါ ပြိုင်ပွဲတွင် ဒုတိယနေရာမှ အက်သလက်တီကိုမက်ဒရစ် အသင်းကို ခြောက်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်၌ ဦးဆောင် လျက်ရှိသည်။ ထို့ပြင် စပိန်ကိုယ် ပါဒယ်ရေးဖလား ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင် သည့်အပြင် ချန်ပီယံလိဂ်တွင် လည်း ကွာတားဖိုင်နယ်အဆင့် အထိ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် တစ်နှစ်တည်း ဖလားသုံးလုံးရရှိ မည့် လမ်းကြောင်းပေါ်သို့ ရောက် ရှိနေခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**


### အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၇-၃-၂၀၁၆ ရက်တွင် NOVOTEL HOTEL ၌ ကျင်းပပြုလုပ်သော Akamai University, Hawaii U.S.A မှ Doctor of Philosophy Honoris Causa in Business Administration Award ဆုကို ထိုက်ထိုက်တန် တန်ချီးမြှင့်ခြင်းခံရသော **Dr. Bo Bo Maung (SAW BWAR LAY BO BO MAUNG COMPANY)** အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**BOSS** အဆင့်မြင့်ကိုရီးယားပါကေးပြား

အရောင်းခန်းမများမှ ဝန်ထမ်းများ

### ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသားဟောင်း လူမှုရေးအသင်းဝင်တစ်ဦးဖြစ်သူ "ဦးမောင်မောင်ဦး(ခ) ဆရာ ဟိန်းလတ်"သည်(၁)"ကျမ- မာလာလာ"စာအုပ်ဖြင့် "အမျိုးသား စာပေဆု (ဘာသာပြန်-ရသ)"ကိုလည်းကောင်း၊ (၂)"တရုတ်- အိန္ဒိယဆုံမှတ်"စာအုပ်ဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု (စာပဒေသာဆု)"ကိုလည်းကောင်း၊ (၃) "ကင်းထောက်လက်စွဲ စာအုပ် (ဘာသာပြန်ဆု)"ကိုလည်းကောင်း၊ ဆွတ်ခူးရရှိခဲ့ခြင်း အတွက် အထူးချီးကျူးဂုဏ်ယူဝမ်းမြောက်မိကြရပါကြောင်းနှင့် ဆက်လက်၍ စာပေပညာတိုးတက်ရေးအတွက် ပိုမိုစွမ်းဆောင် နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား/သူဟောင်းများ လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

### ဝန်ထမ်းအလိုရှိသည်

၁။ နေပြည်တော်၌ ရတနာရောင်းဝယ်ရေးလုပ်ငန်း မ(၁)ဦး အတွက် (ကွန်ပျူတာကျွမ်းကျင်ပြီး online ဖြင့်ရောင်းနိုင်သူ)

၂။ အိမ်လုပ်ငန်းဆောင်ရွက်ရန် မ(၁)ဦး (ရိုးသားပြီး၊ ရန်ကုန်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

ဆက်သွယ်ရန်ဖုန်း ၀၉-၉၇၇၂၇၈၅၈၁

### ပြင်ဆင်ဖတ်ရှုပါရန်

၁. ၄. ၂၀၁၆ ကြေးမုံ/မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆-ဒီ (၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ် (၆၆)၊ မြေကွက်တည်နေရာအမှတ် (၁၂၀)၊ ၁ လမ်း (တောင်) အစား အမှတ်-၁၂၀၊ ၂လမ်း(တောင်) အရှေ့ကြို့ကုန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

အဖအမည် ဦးမြင့်အောင် [၈/ပခက(နိုင်)၁၄၆၈၅၉]၏ သမီး Shwe Taung Development Co.,Ltdတွင် တာဝန်ထမ်းဆောင်နေသော မမြင့်မြင့်ကြည်အား (၃-၄-၂၀၁၆)စ၍ တင်တင်ဆွေ(ခ) မြင့်မြင့်ကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ညောင်ရွှေမြို့သည် အင်းတိုင်းရင်းသားအများစုနှင့် ရှမ်း၊ ပအိုဝ့်၊ ဗမာလူမျိုးများ စုစည်းနေထိုင်ရာ တောင်ပေါ်မြို့ဖြစ်ပြီး အင်းလေးကန်နှင့် ဆက်စပ်တည်ရှိနေသော်လည်း နွေအခါတွင် ရေခမ်းခြောက်သည့် ပြဿနာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ ညောင်ရွှေမြို့၊ ပြည်သူ့ဆေးရုံတွင် ခေတ်မီရေတွင်းတူးစက်ကြီးဖြင့် တူးဖော်လှူဒါန်းပေးမှုကြောင့် ဆေးရုံတက်ရောက်ကုသသည့် ရဟန်းသံဃာများနှင့် တိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေအခက်အခဲအား ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်ပါ၍ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူဖော်ပြအပ်ပါသည်။

မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ
ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

# အထူးကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်အတွင်းရှိ ဓနုနှင့်တောင်ရိုးတိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ သစ်အယ်ပင်ကျေးရွာသည် မိုးရေကိုသာ ခံယူသုံးစွဲနေရသဖြင့် သောက်သုံးရေရှားပါးသည့် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ စက်ရေတွင်းကြီးတူးဖော်ပေးပြီး ဒေသခံပြည်သူများ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့်
ဒေသခံတိုင်းရင်းသားပြည်သူများ

# ကျေးဇူးတင်ဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့သည် ရှမ်း၊ ယင်း၊ ဗမာလူမျိုးများ စုစည်းနေထိုင်ရာ တောင်ပေါ်ဒေသမြို့ဖြစ်ပြီး သောက်သုံးရေရှားပါးသည့် အခက်အခဲကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ မြို့ပေါ်ရှိရပ်ကွက်(၅)ခုတွင် တစ်ရပ်ကွက်လျှင် စက်ရေတွင်း(၁)တွင်းနှုန်းဖြင့် အောင်မြင်စွာ တူးဖော်လှူဒါန်းပေးသည့် **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** အား နမ့်စန်မြို့သူမြို့သား၊ တိုင်းရင်းသားပြည်သူများမှ အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ
နမ့်စန်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

# ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရားမြို့နယ်အတွင်းရှိ လွယ်ဖောင်းကျောင်းနားကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများသည် စိမ့်စမ်းရေထွက်ကိုသာ အားကိုးနေရပြီး နွေအခါတွင် မြေသားရေကန်များမှလည်း ရေခမ်းခြောက်သွားသဖြင့် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ မေတ္တာ၊ စေတနာရှေ့ထားပြီး စက်ရေတွင်းကြီးများ တူးဖော်လှူဒါန်းပေးမှုကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိပြီး ပအိုဝ်းအမျိုးသားဓလေ့ထုံးတမ်းအရ နွေအခါတွင်သာ ကျင်းပလေ့ရှိသည့် အလှူအတန်း၊ ပွဲလမ်းသဘင်များအတွက်ပါ အဆင်ပြေသွားပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဆရာတော်နှင့်ကျေးရွာသူ၊ ကျေးရွာသားများ
လွယ်ဖောင်းကျောင်းနားကျေးရွာ၊ နောင်တရားမြို့နယ်

# ILAM ဖွဲ့စည်း၍အစည်းအဝေးဆုံးဖြတ်ချက်များ မုံရွာတွင်ထပ်ဆင့်ရှင်းလင်း

**မုံရွာ မေ ၅**

မြန်မာနိုင်ငံ လွတ်လပ်သော ရှေ့နေများအသင်း (ILAM) ဖွဲ့စည်းခြင်းနှင့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပေါ်ဦးခန်းမတွင် မေ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်ရှေ့နေကြီး ဦးသန်းထွန်းက အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်းဗဟိုကော်မတီဝင် ဦးစိန်လွင်က အသင်းဖွဲ့စည်းခြင်းအကြောင်းကိုလည်းကောင်း၊ ဗဟိုကော်မတီဝင် ဦးရဲဝင်း (တရားလွှတ်တော်ရှေ့နေ) က အသင်းဝင်ရောက်မှုနှင့်ပတ်သက်ပြီးလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးတင်နုက ဗဟိုအစည်းအဝေး ဆုံးဖြတ်ချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားရာ ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်လာသော အသင်းဝင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ဆိပ်ဖြူမြို့နယ်တွင် ကလေးဗဟိုပြု ချဉ်းကပ်နည်း (CCA) သင်တန်း ဖွင့်လှစ်

**ဆိပ်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီး ပညာရေးမှူးရုံးက ကြီးကြပ်ကာ ဆရာ ဗဟိုပြုသင်ကြားနည်းမှ ကလေးဗဟိုပြု ချဉ်းကပ်နည်း၊ သင်ကြားနည်း (CCA) သင်တန်းကို မေ ၄ ရက် နံနက် ၈ နာရီခွဲက အ-ထ-က(ဆိပ်ဖြူ) နဝရတ်ခန်းမတွင် သင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်အောင်တို့က အမှာစကားပြောကြားပေးခဲ့သည်။ ယင်းနောက် မြို့နယ် ပညာရေးမှူးရုံး လက်ထောက်ပညာရေးမှူး ဦးသိန်းသန်းဌေးနှင့် သင်တန်းနည်းပြ ဆရာများက သင်တန်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ မူလတန်းပြဆရာ၊ ဆရာမ ၅၁၉ ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ပညာရေးမှ ကြီးကြပ်ဆရာနှစ်ဦး မြို့နယ်နည်းပြဆရာ၊ ဆရာမ ၃၁ ဦးတို့က မေ ၄ ရက်မှ ၈ ရက်အထိ သင်တန်းများ ပို့ချသွားမည်ဖြစ်ကာ ကလေးငယ်များ၏ အတွေးအခေါ် အယူအဆများ လွတ်လပ်စွာ ဆောင်ရွက်သင်ကြားနိုင်ရေး ထို့မှတစ်ဆင့် ကလေးငယ်များ၏ အတွေးအခေါ် အယူအဆများကို နည်းမှန်လမ်းမှန်စနစ်ဖြင့် ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ အဆိုပါ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# စူဠဘွဲ့နှင်းသဘင် အောင်လက်မှတ်ဆက်ကပ်ပွဲနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**သပိတ်ကျင်း မေ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် စူဠဘွဲ့နှင်းသဘင် အောင်လက်မှတ်ဆက်ကပ်ပွဲနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၂ ရက် မွန်းလွဲ ၃ နာရီက ကမ္ဘာအေးမြို့ကွက်သစ် မြို့နယ်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ဩဝါဒစရိယ ဆရာတော်ဦးအင်ဂုရထံမှ ငါးပါးသီလခံယူတော်မူပြီး ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်မြတ်များမှ မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူပြီး မြို့နယ်ပါဠိဘာသာပြန်ကြီးကြပ်ရေးဥက္ကဋ္ဌဆရာတော်ဦးသာသနမှ ဩဝါဒစကား ချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းရာ ပထမပြန်စာမေးပွဲ အကြီးတန်းကို အောင်မြင်တော်မူသော သပိတ်ကျင်းမြို့သရက်တောကျောင်းတိုက်မှ အရှင်ပညိသာရနှင့် နိုင်ငံတော်သမ္မတမှချီးမြှင့်သော သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ချောင်းကြီးကျေးရွာ ရွှေမိခင်တောင်ကုမ္ပဏီမှ ဒေါ်စုစုသန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တို့အား ထပ်ဆင့်ဂုဏ်ပြုဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ပြီး မန္တလေးမြို့မေတ္တာရွှေစောင်းအဖွဲ့မှ သီချင်းကြီးများဖြင့် ဂုဏ်ပြုသီဆိုချီးမြှင့်တော်မူကာ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုငွေများလောင်းလှူခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၆) ဖွင့်ပွဲကျင်းပ

**တံတားဦး မေ ၅**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၁/၂၀၁၆) ဖွင့်ပွဲကို မေ ၄ ရက် နံနက် ၈ နာရီက တံတားဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က သင်တန်းဖွင့်ပွဲအမှာစကားပြောကြားရာတွင် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကို စနစ်တကျလေ့လာမှတ်သားကြစေလိုကြောင်း မိမိတို့မရှင်းလင်းသည့် သင်ခန်းစာများကိုလည်း သင်တန်းနည်းပြထံ တိုက်ရိုက်မေးမြန်းနိုင်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းကို အချိန်ပြည့်တက်ရောက်သင်ယူကြစေလိုကြောင်း ပြောကြားပြီး တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူးဦးချမ်းမြေ့စောက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၆၄ ဦး၊ စာရေးဝန်ထမ်း ၆၄ ဦး စုစုပေါင်း ၁၂၈ ဦး တက်ရောက်သင်ယူကြပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာသင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲတင့် (ပြန်/ဆက်)**

# ငါ့သရောက်မြို့အမှတ်(၂) ဈေးကုန်းရပ်ကွက်၌သောက်သုံးရေအတွက် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်

**ငါ့သရောက် မေ ၅**



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် အမှတ်(၂) ဈေးကုန်းရပ်ကွက် ရွှေမြင်သင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ရပ်ကွက်နေပြည်သူများ သောက်သုံးရေအမြန်ရရှိရေးအတွက် ရေစက်ရုံအပါအဝင် ဂါလန် ၅၀၀၀ ဆံ့ရေလှောင်အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းများကို မေ ၁ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေး၊ ကျေးလက်လမ်းများကောင်းမွန်ရေးနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနေကြောင်း သိရသည်။

သို့ဖြစ်၍ ယခုနှစ် အယ်လ်နီညို၏အပူဒဏ်ကြောင့် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေအခက်အခဲမရှိစေရန် ခရိုင်၊ ကျေးလက်ဦးစီးမှူးဦးအောင်ရှိန်၏ လမ်းညွှန်မှုဖြင့် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လေးလက်မအဝီစိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ယခု ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက်လည်း လုပ်ငန်းများကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီအချိန်တွင် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးရွာများအား ချေးငွေပြန်လည်ထုတ်ချေးရန် ဆောင်ရွက်

**သာစည် မေ ၅**

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိတ္ထီလာ၊ သာစည်၊ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၆၈ ရွာ၌ ကနဦးမတည်ရန်ပုံငွေ ၂၀၄၀၀ သိန်းအား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းကို အတိုးတစ်ကျပ်နှုန်းဖြင့် စီမံကိန်းစတင်လည်ပတ်စေခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လအတွင်း ချေးငွေစာချုပ် သက်တမ်းပြည့်ပြီးသော ကျေးရွာများက အရင်း ပြန်လည်ပေးဆပ်လျက်ရှိသည်။



အဆိုပါ အရင်းပြန်လည်ပေးဆပ်ပြီးသော ခရိုင်အတွင်းရှိ စီမံကိန်းဝင်ကျေးရွာများကို မေပြီလဆန်းပိုင်းအတွင်း ပြန်လည်ထုတ်ချေးပေးနိုင်ရေး မြို့နယ်ကော်မတီနှင့် ကျေးရွာကော်မတီများမှပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်နေကြောင်းသိရသည်။

မိတ္ထီလာခရိုင်နှင့် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ Monitoring and Evaluation လုပ်ငန်းတာဝန်အဖြစ် ဝန်ထမ်းများသည် မြစိမ်းရောင် စီမံကိန်းဝင် ကျေးရွာများဖြစ်ကြသော ကျောက်ပနားနှင့် ကျားပစ်ကန်ကျေးရွာတို့၌ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ငွေစာရင်းထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ချေးငွေစာချုပ် သက်တမ်းပြည့်ပါက အရင်းပြန်လည်ပေးဆပ်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၆၈ ရွာ၌ ကနဦးမတည်ရန်ပုံငွေ ၂၀၄၀၀ သိန်းအား တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းကို အတိုးတစ်ကျပ်နှုန်းဖြင့် စီမံကိန်းစတင်လည်ပတ်စေခဲ့ပြီး အတိုးရငွေများအား ပြန်လည်ထုတ်ချေး လည်ပတ်စေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နေပြည်တော်ပျဉ်းမနားမြို့၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြော

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ကန်တော်မင်္ဂလာခန်းမ၌ OBIMIN ကိုယ်ဝန်ဆောင်အားဆေးကုမ္ပဏီ၏စီစဉ်မှုဖြင့် မေ ၃ ရက် နံနက် ၉ နာရီက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုယုနိုင်က 'ကျန်းမာလှပ မိခင်နှင့် ရင်သွေးတို့ဘဝ' ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက အသေးစိတ်ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ OBIMIN ကိုယ်ဝန်ဆောင်အားဆေးကုမ္ပဏီမှ ဒေါက်တာကျော်မျိုးထက်က OBIMIN ကိုယ်ဝန်ဆောင်အားဆေးအကြောင်းရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား လက်ဆောင်ပစ္စည်းများကို မဲနှိုက်ကံစမ်းပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင် ၆၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

ကြေးမုံ

မေ ၆၊ ၂၀၁၆

# မြန်မာ့မီးရထားမှ ရေး –ထားဝယ် –ရန်ကုန်ခရီးစဉ်များ သင်္ကြန်ကာလ ပုံမှန်ပြေးဆွဲမည်



**ရေး မေ ၅**

မွန်ပြည်နယ် ရေး-ရန်ကုန်-ထားဝယ်သို့ တိုက်ရိုက်ပြေးဆွဲနေသော မြန်မာ့မီးရထားခရီးစဉ်များမှာ အတာသင်္ကြန်ကာလအတွင်းမှာ ယခင်ခရီးစဉ်ပုံမှန်များအတိုင်းကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အတာသင်္ကြန်ရက်တွေမှာလည်း ယခင်က ပြေးဆွဲပေးနေလျက်ရှိသော ရန်ကုန်-ရေး-ထားဝယ် ၁၇၅ အဆန်ရထားနဲ့ ထားဝယ်-ရေး-ရန်ကုန် ၁၇၆ အစုန်ရထား တိုက်ရိုက်ခရီးစဉ်များမှာ လက်မှတ်နှုန်းထားရော ခရီးစဉ်များပါ ပုံမှန်အတိုင်း ရောင်းချပြေးဆွဲပေးသွားပါမယ်။ သင်္ကြန်ရက်နီးကပ်လာသဖြင့် ခရီးသွားများမှာ ပိုမိုသွားလာကြပြီး ပါဆယ်ကုန်ပစ္စည်းတင်ပို့သယ်ယူမှုလည်း ပုံမှန်အတိုင်းရှိနေပါတယ်" ဟု မြန်မာ့မီးရထား ရေးဘူတာရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ လက်ရှိသင်္ကြန်ရက်နီးကပ်လာသည်နှင့်အမျှ ရေးမြို့မှ ခရီးသွားသူအများဆုံးမှာ ကျိုက်ထိုမြို့သို့ဖြစ်ပြီး ပဲခူးမြို့သို့ ဒုတိယဖြစ်ကာ ရန်ကုန်မြို့သို့ တတိယအများဆုံးဖြစ်ကြောင်းသိရသည်။ အတာသင်္ကြန်ရက်အတွင်း ရေး-ထားဝယ်-ရန်ကုန်ခရီးစဉ်များကို မြန်မာ့မီးရထားမှ ပြေးဆွဲလျက်ရှိသော်လည်း ရေးမှ ရန်ကုန်သို့ တိုက်ရိုက်ခရီးစဉ်ပြေးဆွဲနေကြသော အဆင့်မြင့်မှန်လုံယာဉ်လိုင်းများဖြစ်သော ရွှေပြည်စိုး၊ သန်မြန်သူက ခရီးစဉ်များကို မေ ၁၀ ရက်နေ့မှာ နောက်ဆုံးထားပြီး ပြေးဆွဲမည်ဖြစ်ပြီး ကျန်သောယာဉ်လိုင်းများဖြစ်သည့် ရွှေစင်စကြာ၊ မာန်မျိုးဆက်သစ်၊ အာကာမင်း၊ ယူနီဗာဆယ်ယာဉ်လိုင်းများမှာ ခရီးစဉ်များကို မေ ၁၁ ရက်ထိ နောက်ဆုံးခရီးစဉ်များဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ညောင်ဦးတွင် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုကျင်းပလျက်ရှိ

**ညောင်ဦး မေ ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့တွင် ဖြေဆိုကျင်းပလျက်ရှိရာ ညောင်ဦးတွင် မတ် ၃၁ ရက်မှ မေ ၆ ရက်ထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ခရိုင်သာသနာရေးဦးစီးဌာနရုံးရှိ သာသနဝ္ဗိမာန်တော်ကြီးတွင် ပါဠိပထမပြန်စာမေးပွဲများ ဖြေဆိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲသို့ ပုဂံမြို့နှင့် ညောင်ဦးမြို့နယ်အတွင်းရှိ စာသင်တိုက်ကျောင်းများမှ သံဃာများ ဝင်ရောက်ဖြေဆိုကြကြောင်း၊ ဖြေဆိုရန်စာရင်းရှိ သံဃာ ၁၄၇ ပါးရှိရာ သံဃာ ၁၁၄ ပါးခန့်သာ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရှောက်ပင်အင်းကျေးရွာ ဓမ္မစကူးသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ဆိပ်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မစကူးသင်တန်းဆင်းလက်မှတ် ပေးအပ်ခြင်းအခမ်းအနားကို မေ ၃ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ကြပြီး ငှက်ပြာကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးစန္ဒက ငါးပါးသီလချီးမြှင့်ပေးတော်မူခဲ့သည်။ ဆက်လက်၍ မကျီးစုဆရာတော် ဦးဝဏ္ဏိတနှင့် ပြည်ပသာသနာပြုဆရာတော် ဦးသောဘိတ (သီရိလင်္ကာ) တို့က အနုမောဒနာတရား မြွက်ကြားပေးတော်မူခဲ့ပြီး ဓမ္မစကူးနည်းပြဆရာ ဦးညိုဝင်းက သင်တန်းပို့ချသင်ကြားမှုအကြောင်းအရာများကို ပြောကြားပေးခဲ့သည်။

ဆက်လက်၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးချစ်ညွှန့်က ဓမ္မစကူးလ်များ ဖွင့်လှစ်သင်ကြားပေးမှုနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်းတို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ဗိုလ်မှူးကြီးချစ်ညွှန့်က ဓမ္မစကူးသင်တန်းတွင် ပံ့ပိုးလှူဒါန်းခဲ့သည့် ပြည်ပသာသနာပြု ဦးပညာဒီပ (အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်) နှင့် ဦးသောဘိတ (သီရိလင်္ကာနိုင်ငံ) တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆပ်ကပ်လှူဒါန်းပေးခဲ့သည်။

ဆက်လက်၍ အလှူရှင်များနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများနှင့် ဓမ္မစကူးကော်မတီမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ခုနှစ် ဓမ္မစကူးလ်သင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဓမ္မစကူးလ်သင်တန်းကို ပြည်ပသာသနာပြုဆရာတော်များ၏ ဦးဆောင်လမ်းညွှန်မှုဖြင့်ရှောက်ပင်အင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် Grate 1,2,3 အထိ ဆရာ၊ ဆရာမသုံးဦးဖြင့် သင်ကြားခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ အား Grate 1,2,3,4,5 အထိ ဆရာ၊ ဆရာမကိုးဦးဖြင့် တိုးမြှင့်သင်ကြားပေးသွားမည်ဖြစ်ကာ နွေရာသီကာလများတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ အင်္ဂလိပ်စာ အရေး၊ အဖတ်နှင့် စကားပြောများကိုလည်း ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# သခွားမွှေးသီးများလှိုင်လှိုင်ပေါ်ကာ အရည်အသွေးမမီသည့်အသီးများ အပုံပြတ်ဖြင့်ရောင်းချလာ

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကားလမ်းနှင့်နီးသည့်နေရာများနှင့် ရန်ကုန်-မန္တလေးကားလမ်းဘေးကားအဝင်၊ အထွက်ကောင်းမွန်သော နေရာတစ်ဝိုက်တွင် သခွားမွှေးစိုက်ခင်းများစွာကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ လက်ရှိကာလတွင် တရုတ်ပြည်သို့တင်ပို့ရန် အရည်အသွေးမမီသော သခွားမွှေးသီးများကို အပုံပြတ်ပုံကာ ရောင်းချလျက်ရှိသည်။ ပြန်ရောင်းသူများမှ ထိုအပုံအကြီးအသေးကို အပုံပြတ်ဖြင့်ဈေးဖြတ်ဝယ်ယူကာ ရောင်းချကြသည်။

အပုံကြီးတစ်ပုံလျှင် ငွေကျပ်ခြောက်သောင်းခန့်ပေးရပြီး အလုံးအရေအတွက်အားဖြင့် နှစ်ထောင်မှ နှစ်ထောင်ကျော်အထိ ပါဝင်သည်။ သခွားမွှေးပယ်သီးများကို ပြည်တွင်းလက်လီရောင်းချမှုတွင် အကြီးအသေးအလိုက် တစ်လုံးလျှင် ကျပ် ၂၀၀ မှအစ ၃၀၀၊ ၄၀၀ ကျပ်အထိ ရောင်းချကြောင်း သိရသည်။

အမရပူရမြို့နယ်တွင် သခွားမွှေးစိုက်ခင်းများကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ငွေကြေးအရင်းအနှီးများစွာစိုက်ထုတ်၍ စိုက်ပျိုးကြသည်။ အလုပ်သမားများစွာကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများပေးထားသည်။ စိုက်ပျိုးမှုအဆင့်ဆင့်တွင် ဂရုတစိုက်စိုက်ပျိုးလေ့ရှိသည်။ သခွားမွှေးစိုက်ဖို့အတွက် ပထမဦးဆုံး မြေပြင်ပေးရသည်။ ထယ်ရေးပြင်ပြီးသည်နှင့် လိုချင်သောပေါင်ကို လိုချင်သောပုံစံအတိုင်း စိုက်ပေါင်လုပ်ရလေ့ရှိသည်။ စိုက်ပေါင်စပြီးပြင်နေသည့်ကာလတွင် သခွားမွှေးပျိုးပင်ကို ပျိုးပေးထားရသည်။ ပျိုးပင်ကို ပျိုးသက် ၈ ရက်မှ ၁၀ ရက်ကျော်ကြာအောင် စောင့်ပြီး စိုက်ကြရသည်။

အများစုမှာ ညနေခင်းပိုင်းတွင် စိုက်ပျိုးကြသည်။ စိုက်ပြီးသည်နှင့် အပင်ငယ်သည့်အရွယ်တွင် ရေကို နံနက်နှင့် ညနေပိုင်းမှာ လူအင်အားသုံးပြီး လောင်းကြရသည်။ နောက်ပိုင်းတွင် ပိုက်လိုင်းသွယ်ကာ ရေပေးကြသည်။ အပင်စတင်စိုက်ပြီးသည်နှင့် ၄၀ စင်တီမီတာအကွာ တိုင်ထောင်ပေးကြရသည်။ ရေသွင်း၊ မြေဩဇာကျွေးခြင်းတို့ကို ဂရုတစိုက်လုပ်ပေးခြင်း။ စိုက်ပြီး တစ်လသားအကျော် ဝါးတန်းအမီ ၄၀ သားမှာ သီးချန်ပေးခြင်းကို လုပ်ပေးရသည်။ အသီးချန်သည့်လုပ်ငန်းမှာ အပင်တစ်ပင်တွင်ရှိသော မကောင်းသည့်အသီးပယ်ပြီး ကောင်းသည့်အသီးကို ချန်ထားပေးခြင်းဖြစ်ကြောင်း သိရသည်။

အသီးချန်ပြီး ရက်ပေါင်း ၄၀ ကျော်သည်နှင့် အောင်မြင်ပြီး ဈေးကွက်ဝင်သည့် သခွားမွှေးသီးများကို ခူးဆွတ်နိုင်ပြီဖြစ်သည်။ စိုက်ဧကများစွာအတွက် ဒေသခံအလုပ်သမားများစွာကို နေ့စဉ်အလုပ်ပုံမှန်ပေးထားသည်။ အသီးများကို ပြည်ပဈေးကွက်၊ တရုတ်ပြည်ကို အဓိကတင်ပို့ကြသည်။ တင်ပို့သည့်သခွားမွှေးသီး တစ်ကီလိုဂရမ် အလေးချိန်ရှိသော အသီးများကို ဂျပ်ဖာများဖြင့်ထည့်ပြီး တင်ပို့လေ့ရှိသည်။ လက်ရှိကာလတွင် ပယ်သီးများကို ပုံပြတ်ဖြင့်ဝယ်ယူပြီး တစ်ဆင့်လက်လီရောင်းချကြရာ ရောင်းသူဝယ်သူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



## ကျေးရွာများရှိ နွေရာသီ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုအား ကွင်းဆင်းကြည့်ရှုအားပေး

**မိုင်းဖြတ် မေ ၅**

'တစ်မျိုးသားလုံးစာတတ်မြောက်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး' ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ စာတတ်မြောက်၍ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဒေသခံဆရာ၊ ဆရာမများပူးပေါင်း၍ နွေရာသီအခြေခံစာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုအား ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးဒေါ်ခင်လှရီနှင့် ဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံတက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မိမိနိုင်နှင့် ကြီးကြပ်ဆရာမများသည် မေ ၁ ရက် ည ၇ နာရီတွင် ပါပူး၊ ပါဆန်း၊ ပါထွန်၊ ယန်းခမ်း၊ ဝမ်နောင် စသည့်ကျေးရွာများသို့လည်းကောင်း၊ မေ ၂ ရက် ည ၇ နာရီတွင် ဝမ်ယန်းမိုင်၊ ဝမ်ပုံကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များသို့လည်းကောင်း သွားရောက်ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးနှင့် အဖွဲ့သည် ယင်းနေ့ကွင်းဆင်းကြည့်ရှုရာတွင်စာသင်သားများအတွက် သင်ရိုးညွှန်းပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ပြီး ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။ တက်ရောက်လာသည့် စာသင်သားများကလည်း ကြိုးစားသင်ယူနေကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## မိုးကောင်းမြို့နယ်စာရေးဆရာအသင်းအစည်းအဝေးကျင်းပ

**မိုးကောင်း မေ ၅**

မိုးကောင်းမြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးကို မေ ၃ ရက် ညနေ ၄ နာရီက နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ အသင်းနာယက ဦးဖေစိန် (ဖေစိန်)၏ နေအိမ်၌ ကျင်းပရာ အသင်းနာယကက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းအောင် (ထက်သူအောင်)က အသင်း၏စည်းရုံးလှုပ်ရှားဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် နာယက ဦးဖေစိန်(ဖေစိန်)၊ ဥက္ကဋ္ဌ ဦးဝင်းအောင် (ထက်သူအောင်)၊ အတွင်းရေးမှူး ဦးမြတ်မိုးမြင့် (မြတ်မိုးမြင့်) တို့ပါဝင်သော မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့သစ်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်မြောက်ညီလာခံကိုယ်စားလှယ်အဖြစ် ဦးဝင်းအောင် (ထက်သူအောင်)ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**(၄၉၉)**

# ရေချိုတွင်းများမှ ရေအနည်းငယ်သာထွက်ရှိသောကြောင့် သောက်သုံးရေ လိုအပ်နေသည့် ကျောက်ပုံကျေးရွာများသို့သောက်သုံးရေဖြန့်ဝေ

**မိတ္ထီလာ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိကျေးရွာများအား သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ရေထွက်ပင်ရင်းများ စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးမည့်နည်းလမ်းများ ကြိုတင်အသိပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအနေဖြင့် သောက်သုံးရေပြတ်လပ်နိုင်သည့် ကျေးရွာများအား ရေတွင်း၊ ရေကန်များစသည့် ရေထွက်ပင်ရင်းများကို စစ်ဆေးပြီး ၎င်းရေကာလ မည်မျှသုံးစွဲနိုင်မည်ကိုစစ်ဆေး၍ ရေပြတ်လပ်မှုဖြစ်ပေါ်ပါက အချိန်နဲ့တပြေးညီပို့ဆောင်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆပ်ပြာကျင်းအုပ်စု ကျောက်ပုံကျေးရွာသည် အိမ်ခြေ ၆၃ အိမ်၊ လူဦးရေ ၃၅၀ ကျော် ရှိသည့် ၎င်းကျေးရွာသည် ရေငန်ထွက်ရှိသည့် စက်ရေတွင်းနှစ်တွင်းရှိသော်လည်း တစ်တွင်းသာ သုံးစွဲရ၍ လက်တူးတွင်းခြောက်တွင်း တူးဖော်အသုံးပြုရာ လေးတွင်းမှာ ရေငန်ထွက်ရှိ၍ နှစ်တွင်းသာ ရေချိုထွက်ရှိသဖြင့် သုံးရေအတွက် လုံလောက်သော်လည်း သောက်ရေဖြစ်သည့် ရေချိုအနည်းငယ်သာရရှိသောကြောင့် သောက်ရေ(ရေချို) အခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သောကြောင့် ကျောက်ပုံကျေးရွာအား သောက်သုံးရေ အခက်အခဲမဖြစ်ပေါ်စေရန် ဧပြီ ၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ



ကျေးရွာသို့ သွားရောက်၍ ရေဂါလန် ၅၀၀၀ ဆံ့ယာယီရွက်ဖျင်ရေကန် နှစ်ကန်ပြုလုပ်ပေးပြီး ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဆိုပါဆပ်ပြာကျင်းအုပ်စု ကျောက်ပုံကျေးရွာအား သောက်သုံးရေ (ရေချို) အခက်အခဲမရှိစေရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကျယ်လေးလက်မ၊ အနက် ပေ ၆၀၀ရှိ စက်ရေတွင်းတစ်တွင်းတူးဖော်ပေးရန် ဆောင်ရွက်နေကြောင်း ဦးစီးမှူးကပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကြံခင်းတွင် လိုင်စင်မဲ့ မော်တော်ကားတစ်စီး ဖမ်းဆီးရမိ

**ပုသိမ် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဧပြီ ၃ ရက် နံနက်ပိုင်းက လိုင်စင်မဲ့မော်တော်ကားတစ်စီး ဖမ်းဆီးရမိခဲ့၍ ဒုရဲမှူးအုန်းလွင်က တိုင်တန်းခဲ့သဖြင့် ကြံခင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေအရ အောင်ကိုကိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဧပြီ ၃ ရက် နံနက်ပိုင်းမှစ၍ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ ရွာသစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သင်္ကြန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် မြို့ပေါ်ရပ်ကွက်များနှင့် လမ်းမတော်လမ်းဆုံတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စစ်ဆေးဆောင်ရွက်နေစဉ် နံနက် ၁၀ နာရီခွဲတွင် ဘက်ရဲမြို့ဘက်မှ ကြံခင်းမြို့ဘက်သို့ လမ်းမတော်လမ်းအတိုင်း ယာဉ်မောင်းအောင်ကိုကို(ခ)ကိုကိုငြိမ်း ၂၃ နှစ် တံတားဦးရပ်ဘက်ရဲမြို့နေသူ မောင်းနှင်သည့် ဟွန်ဒါဖစ်အမျိုးအစား (ငွေမင်ရောင်) အား ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ တရားမဝင် လိုင်စင်မဲ့ယာဉ်အဖြစ် စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ကလေးဗဟိုပြုချဉ်းကပ်နည်း( CCA )သင်တန်းဖွင့်

**မိုးနဲ ဧပြီ ၅**

မြို့နယ်အဆင့် ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) သင်တန်းကို မိုးနဲမြို့၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မူလတန်းသင် ဆရာ၊ ဆရာမများ ကလေးဗဟိုပြုသင်ယူမှုနှင့်ပတ်သက်၍ ပိုမိုမြင့်မားလာစေရန်၊ ဆရာဗဟိုပြုသင်ယူမှုနှင့် ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုကို ခွဲခြားသိမြင်စေရန်၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုနှင့် စပ်လျဉ်းသော အကြောင်းအရာများကို သိရှိအသုံးပြုတတ်စေရန်၊ ဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ ဆရာတတ်ကျွမ်းမှုဆိုင်ရာ (၆) မျိုးကို နားလည်သဘောပေါက်ပြီး လက်တွေ့အသုံးပြုတတ်စေရန်၊ သင်ကြားရေးအောင်မြင်စေရန်နှင့် အသုံးပြုရမည့်နည်းလမ်းများကို သိရှိအသုံးချတတ်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်အဆင့် ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA ) သင်တန်းဖွင့်ပွဲအခမ်းအနားကို မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ဧပြီ ၄ ရက်က ကျင်းပခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မြိတ်မြို့တွင် နေ့စားလပေး ဆရာ၊ ဆရာမများ ခန့်ထားရန် လျှောက်လွှာများခေါ်ယူ

**မြိတ် ဧပြီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဆရာ၊ ဆရာမများ လိုအပ်လျက်ရှိသည့် ကျောင်းများ၌ ခန့်အပ်တာဝန်ပေးရန်အတွက် နေ့စားလပေး ဆရာ၊ ဆရာမလျှောက်လွှာများကို စတင်ခေါ်ယူလျက်ရှိပြီး အရည်အချင်းသတ်မှတ်ချက်မှာ Ph.D ဘွဲ့ရသူများ၊ အသက် ၄၀ နှစ်အောက်၊ Master မဟာဘွဲ့ရသူများ၊ အသက် ၃၅ နှစ်အောက်၊ Bachelor ဘွဲ့ရရှိပြီးသူများ၊ အသက် ၃၀ နှစ်အောက်တို့ဖြစ်ပြီး နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမအဖြစ် ရွေးချယ်ခံရသူများသည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း သိရသည်။

နေ့စားလပေးဆရာ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ (စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်၍ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်စာမေးပွဲ အောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည် ဖြစ်သည်။

အဆိုပါ နေ့စားလပေး ဆရာ၊ ဆရာမများ၊ လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ ဧပြီ ၁ ရက်မှစတင်၍ လျှောက်လွှာများကို အခမဲ့ကိုယ်တိုင်ထုတ်ယူနိုင်ပြီး ဧပြီ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးသို့ လျှောက်ထားရမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်ဖြစ်သည်။ မေ ၁၀ ရက်တွင် ရေး၊ဖြေအောင်စာရင်းထုတ်ပြန်ပြီး မေ ၁၄ ရက် နံနက် ၉ နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများ၌ လူတွေ့စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိပ်အချက်အလက်များကို သက်ဆိုင်ရာခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ဌာနပေါင်းစုံ အကြိုအခြေခံမီးသတ်သင်တန်းဆင်း

**ညောင်တုန်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဌာနပေါင်းစုံ အကြိုအခြေခံမီးသတ်သင်တန်းစာတွေ့၊ လက်တွေ့ သရုပ်ပြသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂ရက် ညနေပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်ဝင်း (ဦးစီးအရာရှိ) တို့က အသီးသီး သင်တန်းဆင်းအမှာစကားများပြောကြားပြီး သင်တန်းကာလတစ်လျှောက်တွင် အကောင်းဆုံးပထမဆုကို ဦးရေချမ်း(ပညာရေးဌာန)ကလည်းကောင်း၊ ဒုတိယဆုကို ဦးထက်ပိုင်သူ (ကျေးလက်ဦးစီး ဌာန)ကလည်းကောင်း၊ တတိယဆုကို ဦးသန်းငွေ(သစ်တောဦးစီးဌာန) ကလည်းကောင်း တာဝန်ရှိသူများက အသီးသီး ဆုများချီးမြှင့်ခဲ့သည်။

သင်တန်းသို့ မြို့ပေါ်ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ပျဉ်းမနား ဧပြီ ၅**

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ရဲမှူးဦးတင်မိုးဦးက အဖွင့်အမှာစကားပြောကြားပေးသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး တည်ဆဲဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မိမိတာဝန်အဆင့်နှင့်လျော်ညီစွာ လုပ်ငန်းဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများအတွက် အားကိုးအားထားပြုထိုက်သည့် အုပ်ချုပ်ရေးမှူးကောင်းများဖြစ်ဖော်ပေါ်လာစေရန်နှင့် အဓိကကျသည့် အခြေခံအုပ်ချုပ်ရေးကဏ္ဍတွင် လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများဆောင်ရွက်ရာမှာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သော ဌာနဆိုင်ရာ ၁၉ ခုမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တက်ရောက်သူ သင်တန်းသား ၃၆ ဦးအား ဧပြီ ၄ ရက်မှ ဧပြီ ၈ ရက်ထိ ငါးရက်တိုင်တိုင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ပြည်သူ့အသံ

### ကွန်ကရစ်လမ်းပေါ်မှ စည်းကမ်းမဲ့ ဈေးသည်များ ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက်အတွင်းရှိ တေးဥယျာဉ်လမ်းမကြီးသည် ရပ်ကွက်အတွင်းရှိ လမ်းသွယ်များ၏ အားထားရာလမ်းမကြီး ဖြစ်ပါသည်။ ယခင်မြေလမ်းရွှံ့လမ်းတုံးက သွားလာရေးကြမ်းသော်လည်း စိတ်ချမ်းသာရပါသည်။

ယခုအခါ ကွန်ကရစ်လမ်းမကြီးခင်းပြီးသောအခါ ရပ်ကွက်နေ စည်းကမ်းမဲ့သူတချို့က ဈေးများရောင်းချနေပြီး မကြာခင် ညအိပ်လူနေတဲ့လိုလို၊ ဆိုင်လိုလို၊ ချက်ပြုတ်ဆိုင်လိုလို၊ စားသောက်ခန်းလိုလိုဖြင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရသောကြောင့် သက်ဆိုင်ရာများမှ ထိန်းသိမ်းပေးစေလိုပါသည်။

**(ပွင့်လင်းမြင်သာရှိလိုသူ)**

### လျှပ်စစ်ဓာတ်အားအပြည့်အဝ ရစေချင်

ကျွန်တော်တို့ နေထိုင်သော တာမွေမြို့နယ် တာမွေကြီး(က-ဂ)ဘက်ခြမ်း နေအိမ်ရာများသည် လျှပ်စစ်ဓာတ်အားကျသင့်ငွေများ မှန်မှန်ပေးဆောင်နေသော်လည်း လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲရခြင်းမရှိပါ။ အများဆုံးရရှိသည့် ဓာတ်အားသည် 150 V သာရှိပါသည်။ မနက်နှင့်ညဦးပိုင်းဆိုလျှင် 120 V လောက်သာ သုံးရပါသည်။ မီးအားအလွန်ကျခြင်းကြောင့် မီးအားအပြည့်ရရှိရေးအတွက် မီးအားမြှင့်စက်များသုံးကာ အပြိုင်အဆိုင် ဆွဲကြရပါသည်။ မီးအားကျပြီး မကြာခဏဆိုသလို မီးလဲပြတ်တောက်မှုရှိနေပါသည်။ မလိုလားအပ်ဘဲ မီးအားမြှင့်စက်များအသုံးပြုနေရခြင်းသည် အလွန်အန္တရာယ်များလှပါသည်။ မီးအားမြှင့်စက်ဖွင့်ပြီး ရင်တထိတ်ထိတ်စောင့်ကြည့်နေရပါသည်။ လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းကင်းသုံးနိုင်ရေးအတွက် အများနည်းတူ လျှပ်စစ်ဓာတ်အား အပြည့်အဝ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် တင်ပြလိုက်ပါသည်။

**(မီးအားအပြည့်သုံးစွဲလိုသူများ)**

ဖတ်စရာ

# သရေခေတ္တရာမြို့ဟောင်းရှိ တိမ်မြုပ်နေသော ကြေးသွန်းဘုရားကြီး

a မာန်သစ်ငြိမ်း( ရှေးဟောင်းသုတေသန )

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းတွင်ရှိသော ရှေးဟောင်းသမိုင်းဝင် သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီးအကြောင်းကို မပြောမီ ပြည်-ပေါက်ခေါင်း ကားလမ်း၏ ဘယ်ဘက်တွင်ရှိသော ဘုရားမာစေတီတော်ကို ဦးစွာရေးသားဖော်ပြရပေလိမ့်မည်။ ထိုသို့ ရေးသားဖော်ပြရခြင်းမှာ ဘုရားမာစေတီနှင့် ကြေးသွန်းဘုရားကြီးတို့၏ ဆက်စပ်မှုရှိနေသောကြောင့် ဖြစ်ပါသည်။

ဘုရားစေတီကို ပျူခေတ်ကာလတွင် သရိုင်မာစေတီဟု အမည်တွင်ခဲ့သည်။ သရိုင်မာဘုရားကိုလည်း သရမ္မာ၊ ဘရမာ၊ ဘုရားမာ၊ မင်္ဂလာစေတီ ဟူသောဘွဲ့တော်များဖြင့် ထင်ရှားခဲ့သော စေတီဖြစ်သည်။ မင်္ဂလာစေတီတော်ဟုသမုတ်၍ တည်တော်မူခဲ့သော ယခုဘုရားမာစေတီသည် ဒွတ္တပေါင်မင်းကြီး၏ မြောက်နန်းစံမိဖုရား ဥမ္မာရဒေဝီဘိက္ခုနီရဟန်းပြုသောအခါ အနောက်နန်းစံမိဖုရားဖြစ်သော ဘေစန္ဒီမိဖုရားသည် ဥပုသ်သီလဆောက်တည်ရင်း စေတီတော်ကြီးကို ကိုးကွယ်ဆည်းကပ်ခဲ့သည်။ ဥမ္မာရဒေဝီမိဖုရား၏ ဆရာတော် အရှင်သုမင်္ဂလမထေရ်သည် မြတ်စွာဘုရား၏ လက်ခလယ် လက်သည်းတော်ကို ပြဟ္မာမင်းတို့ထံမှ တောင်းယူပြီး မင်္ဂလာစေတီ၌ ဌာပနာ တော်မူခဲ့သည်။

ဘုရားမာစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက်၊ ပြည်-ပေါက်ခေါင်းကားလမ်း၏ ဘယ်ဘက်၊ ကုန်းရိုးကျေးရွာအနီးတွင် တည်ရှိပါသည်။ ဘုရားမာစေတီ၏ အမြင့်မှာ ၁၃၈ ပေမြင့်၍ လုံးပတ်မှာ ၃၁၂ ပေရှိသည်။ ပစ္စယာ လေးဆင့်ပေါ်တွင် ဖန်ပေါင်းချောင်ပုံစံရှိပြီး ထိုအထက်တွင် ရွှေရောင်ဝင်းလက်နေသော ယခုခေတ်ထီးတော်ကို တင်လှူပူဇော်ထားသည်။

ပစ္စယာရင်ပြင်တွင် ထောင့် ၁၆ မြောင့်ရှိပြီး အောက်ပစ္စယာသည် ၆၄၀ ပေ၊ အလယ်ပစ္စယာသည် ၅၂၈ ပေ အထက်ပစ္စယာသည် ၄၆၄ ပေရှိပြီး ပစ္စယာတစ်ခုစီ၏ အမြင့်သည် ၄ပေ၊ ၅ပေ၊ ၆ပေ စီ မြင့်ကြသည်။ ယင်းပစ္စယာမျက်နှာပြင်အကျယ်သည် ၁၂ ပေစီရှိသည်။ ဘုရားမာစေတီသည် မြန်မာနိုင်ငံအတွင်း စေတီတည်ထား ကိုးကွယ်မှုသမိုင်းတွင် အစောဆုံး၌ ပါဝင်ပြီး ပျူခေတ်အလယ်ပိုင်း (AD ၄ ရာစု- ၇ ရာစု)တွင် တည်ထားခဲ့သော စေတီတစ်ဆူဖြစ်ပါသည်။ ယင်းစေတီသည် မျက်မှောက်ခေတ်စေတီများ၏ ရှေ့ပြေးပုံစံအသွင်မျိုးဖြစ်ပါသည်။ ဘုရားမာစေတီသည် ဒွတ္တပေါင်းမင်း၏ စေတီကိုးဆူထဲတွင် တစ်ဆူအပါအဝင်ဖြစ်ပါသည်။

ဘုရားမာစေတီ၏ အရှေ့ဘက်တွင် ညစ်နွမ်းနေသော အုတ်ပလ္လင်ဟောင်းကြီးတစ်ခုနှင့် အုတ်သပိတ် ဟောင်းကြီးတစ်လုံးကို တွေ့ရှိရသည်။ ထိုပလ္လင်နေရာသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က ဘုရားမာ စေတီအနီးတွင် ရှေးဟောင်းသမိုင်းဝင် သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီးကို ပူဇော်ထားခဲ့ကြသည်ဟု သိရှိရပါသည်။

သီပေါမင်းပါတော်မူပြီးနောက် ဗြိတိသျှကိုလိုနီခေတ်တွင် ဘုရားမာ စေတီအနီးတွင် ထားဝယ်ကျောင်းဆရာတော် သီတင်းသုံးရာကျောင်း၊ သိမ်နှင့်ဓမ္မာရုံများရှိခဲ့ပေသည်။ ထိုစဉ်က တွင်းပြည်း၊ ကုန်းရိုး၊ မြို့စိုး စသောအနီးအနား ကျေးရွာများမှ ရွာသူရွာသားများသည် ကြေးထည်များနှင့် ငွေကြေးများ စုပေါင်းကုသိုလ်ပါဝင်ကြကာ ပြည်မြို့ ပန်းတဉ်းတန်းမှ ပန်းတဉ်းဆရာ ဦးထွန်းအေးနှင့်မိဘများက မန္တလေးမှ ပန်းတဉ်းဆရာတစ်ဦး၏အကူအညီဖြင့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးကို သွန်းလုပ်လျက် ဘုရားမာစေတီ တော်ကြီး၏ အရှေ့ဘက်တွင် ပလ္လင်တည်ဆောက်ကာ “သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီး”ဟူသော ဘုရားဘွဲ့တော်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။

ထို သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီး သည် မိုးထဲရေထဲတွင် နှစ်အတန်ကြာ တည်နေခဲ့ပြီးနောက် မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်ခန့်တွင် မသမာသူများက ကြေးသွန်းဘုရားကြီး၏ လက်ချောင်းများကိုဖြတ်၍ ခိုးယူသွားကြရာ တွင်းပြည်းကျေးရွာမှ ဒေါ်ဇာညွန့်အိမ်သို့



ကြေးသွန်းဘုရားကြီး လက်မပါဘဲကြွလာသည်ဟု အိပ်မက်ပေးခဲ့သည်။ အိပ်မက်အရ သွားရောက်ဖူးမြော်ခဲ့ရာ အမှန်ပင်ဘုရားကြီး၏ လက်ချောင်းတော်များ ပြတ်နေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လက်ချောင်းတော်များကို ပြန်လည်အစားထိုးကာ ပကတိအတိုင်း ပြန်လည်ပူဇော်ထားခဲ့ကြပေသည်။

ထိုအဖြစ်အပျက်ကို အနီးအနားမှ ဗုဒ္ဓဘာသာဝင်များ သိရှိကြပြီးနောက် သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီးအားမူလအတိုင်း မထားရှိတော့ဘဲ ကုန်းရိုး၊ တွင်းပြည်း၊ မြို့စိုးကျေးရွာအနီး ဂဠုန်ကျဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းစံပယ်ကိုးကွယ်ခဲ့သည်။ ကြေးသွန်းဘုရားကြီးကို ရောင်တော်ဖွင့်ရန်အတွက် ထိုစဉ်က ဂေါပကအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်ခင်၊ ဦးစံမောင်တို့က ကြေးချွတ်ဆေးဖြင့် ပွတ်တိုက်ရာတွင် လက်တော်မှ သွေးများယိုစီးလာသဖြင့် ဆက်လက်မပွတ်တိုက်တော့ဘဲ ကန်တော့ပွဲဖြင့် ကန်တော့ကာ လုပ်ငန်း ရပ်ဆိုင်းထားခဲ့ရဖူးကြောင်း သိရှိရသည်။

ထိုကဲ့သို့ သက်တော်ထင်ရှား ရှိသည့်အလားတန်ခိုးကြီးမားတော်မူသည့် သကျမုနိရုပ်ရှင်တော်မြတ် ပြည်လုံးချမ်းသာ ကြေးသွန်းဘုရားကြီးအား ယခုအခါတွင် ဂဠုန်ကျဘုန်းတော်ကြီးကျောင်းတိုက်၌ ရှေးယခင်မူလ ကိုလိုနီခေတ်အခါမှ အဆောက်အအုံပုံစံ ကျောင်းတော်အတိုင်းပင် ပူဇော်ထားရှိပေသည်။ ကျောင်းထိုင်ဆရာတော် အစဉ်အဆက် ထိန်းသိမ်းထားရှိ ပူဇော်ကိုးကွယ်လာခဲ့ကြသည်မှာ နှစ်ပေါင်း ရာကျော်ကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ထိုဘုရားသမိုင်းကြောင်းအစုံကို ၁၉၉၄ ခုနှစ်၊ ဇူလိုင်လတွင် ဘုရားမာစေတီတော် ဂေါပကအဖွဲ့ ပြန်ကြားရေးကော်မတီမှ ထုတ်ဝေသော စာစောင်မှ သိရှိရပါသည်။ ယခုအခါတွင် ဂဠုန်ကျကျောင်းထိုင်ဆရာတော် ဦးနန္ဒမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော်လည်း သရေခေတ္တရာမြို့ဟောင်းတွင် ထိုကြေးသွန်းရုပ်ရှင်တော်မြတ်ကြီးရှိကြောင်း သိရှိသူနည်းပါးကြသည်။

ကြေးသွန်းရုပ်ရှင်တော်ဘုရားကြီး၏ ထူးခြားမှုမှာ လပြည့်၊ လကွယ်နေ့များတွင် မည်သည့်အရပ်မှ ရောက်ရှိလာမှန်းမသိသော စပါးကြီးမြွေများ ရောက်ရှိလာတတ်ကြောင်းကို ဆရာတော်၏ မိန့်ကြားမှုဖြင့် သိရှိရပေသည်။ မြွေများမှာ ယခုနှစ်တွင် လာရောက်မှုမရှိသေးကြောင်းလည်း သိရသည်။ ဆရာတော်မှလည်း တန်ဆောင်းလအခါသမယတွင် ကြေးသွန်းဘုရားကြီး သီတင်းသုံးရာ စံကျောင်းတော်အားရှင်းလင်းခြင်းအမှုကို ဆောင်ရွက်ပြီး ပဋ္ဌာန်းတရားပွဲကို ကျင်းပလေ့ရှိပါသည်။

ထို့ကြောင့် သရေခေတ္တရာမြို့ဟောင်းသို့ လာရောက်ကြသော ဘုရားဖူးလှေ့လာရေးဧည့်သည်များအနေဖြင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ရရှိထားပြီးသော ပျူမြို့တော်ဟောင်းတစ်ခုတွင် တိမ်မြုပ်နေသော ကြေးသွန်းဗုဒ္ဓရုပ်ရှင်တော်မြတ်တစ်ဆူ တည်ရှိနေသည်ကို သိရှိဖူးမြော်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

# ရာသီဥတုပူပြင်းသောကြောင့် ဆိတ်၊ နွား မွေးမြူသူများ အခက်အခဲနှင့် ကြုံနေရ

**ငါ့သရောက် မေ ၅**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် တွဲဖက်ကာ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လုပ်ကိုင်နေကြကြောင်း သိရသည်။

သို့သော် ယခုနှစ် အယ်နီညို၏ အပူဒဏ်ကြောင့် ဆိတ်၊ နွားတိရစ္ဆာန်များအတွက် အစာရေစာရှားပါးမှုအခက်အခဲများနှင့် တောင်သူများ ကြုံတွေ့နေရ၍ တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်ဖြင့် အစာရေစာများရှာဖွေကျွေးမွေးနေရကြောင်း မြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူများထံမှ သိရသည်။

“ကျွန်မတို့ မြို့နယ်က အညာကျေးလက်ဒေသတွေမှာရှိတဲ့ ကျေးလက်နေ ပြည်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင် ဆိတ်၊ နွား၊ ကြက်၊ ဝက်စသဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဒီလိုတစ်ပိုင်တစ်နိုင် တိရစ္ဆာန်တွေ မွေးမြူထားတဲ့တောင်သူတွေအတွက် ဒီနှစ် ပူပြင်းတဲ့ရာသီဥတုနဲ့ ကြုံလာတဲ့အခါ လူတင်မဟုတ်ဘဲ တိရစ္ဆာန်တွေလည်း ဒုက္ခရောက်ကုန်ပါတယ်။ ဒီနှစ်က အရင်နှစ်တွေထက် ပိုပူတာဆိုတော့ လူတွေအတွက် အစာရေစာပူစရာမလိုပေမယ့် တိရစ္ဆာန်တွေအတွက် ပူပန်နေရပါတယ်။ အခုဆိုရင် ကျွန်မတို့ ငါ့သရောက်မြို့နယ်မှာ တောင်သူတွေက တဖြည်းဖြည်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်လာကြတော့ တိရစ္ဆာန်တွေအတွက် စားကျက်မြေတွေလည်း လျော့ပါးလာပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းနဲ့ တွဲဖက်ပြီး တစ်ပိုင်တစ်နိုင် ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြတဲ့ တောင်သူတွေအတွက် ဒီနှစ်နွေမှာ လွှတ်ကျောင်းစနစ်နဲ့ တိရစ္ဆာန်တွေကို ထိန်းသိမ်းလုပ်ကိုင်နေရတဲ့အပြင် အစာရေစာကို ရှာကြံပြီး ကျွေးမွေးနေရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့မြို့နယ်ကတောင်သူတွေ ဒီနှစ် အယ်နီညိုရဲ့အပူဒဏ်ကြောင့် တိရစ္ဆာန်တွေအတွက် အစာရေစာရှားပါးမှု အခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်” ဟု ငါ့သရောက်မြို့ တောပြားကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# တာပေါင်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်

**လှိုင်းဘွဲ့ မေ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာပေါင်ကျေးရွာအုပ်စု တာပေါင်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

လမ်းသစ်ဖွင့်ပွဲတွင် ဆရာတော်ဦးပညာဒီပက အဖွင့်အမှာစကားမိန့်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားကာ လမ်းဖြစ်မြောက်ရေးကော်မတီ ဦးဆန်းလွင်က ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကတ္တရာလမ်းသစ်အား ဆရာတော်ဦးပညာဒီပ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၇၀ ခန့်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက်**

# မင်းတပ်မြို့၌ အသိပညာပေးဆိုင်ရာ ဟောပြောပွဲကျင်းပ

**မင်းတပ် မေ ၅**

မင်းတပ်မြို့ရှိ ပြည်သူများလိုက်နာ ကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ဌာနဆိုင်ရာနှင့် ပြည်သူများ အပြန်အလှန် ပေါင်းစပ်ရမည့် လုပ်ငန်းများနှင့် ပြည်သူတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းအသိပညာများ ပိုမိုသိရှိပြည့်ဝနိုင်စေရန်အတွက် ပြုလုပ်သည့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီခွဲက မင်းတပ်မြို့ အ-ထ-က (၁) ကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စောလှိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူခင်းကြိုတင်တားဆီးကာကွယ်ရေး၊ ဥပဒေဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို သက်ဆိုင်ရာဌာနအလိုက် အကျယ်တဝင့် ဟောပြောပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မင်းတပ်မြို့ရှိ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မင်းတပ်မြို့ပေါ် လေးရပ်ကွက်မှ မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့တွင် သင်္ကြန်ကာလမှူခင်းကျဆင်းရေး ဆေးဆိုင်များသို့လိုက်လံစစ်ဆေး



**ကော့သောင်း ဧပြီ ၅**
ကော့သောင်းမြို့တွင် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် မြို့နယ်ရဲတပ်ဖွဲ့မှ ဆေးအရောင်းဆိုင်များသို့ ဧပြီလ ၃ ရက် မွန်းလွဲပိုင်းက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလတွင်း လူငယ်များ အရက်သေစာသောက်စား မူးယစ်ရမ်းကားခြင်း၊ စိတ်ကြွဆေးများ ဝယ်ယူသုံးစွဲကာ မှုခင်းဖြစ်စဉ်များ ကျူးလွန်ခြင်းများ မဖြစ်ပေါ်စေရေး မြို့ပေါ်ရပ်ကွက်များရှိ အိမ်သုံးဆေးအရောင်းဆိုင်များတွင် သင်္ကြန်ကာလအတွင်းစိတ်ကြွဆေးများ၊ မူးယစ်ဆေးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် တရားမဝင်တင်သွင်းလာသည့် ကာမဆန္ဒနှိုးဆွစေသည့် ဆေးဝါးများနှင့် ရက်လွန်ဆေးဝါးများ၊မှတ်ပုံတင်မရှိသောဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ သိရှိရန်နှင့် ရောင်းချခြင်း မပြုကြရန် မြို့နယ်ရဲတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မှတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ဖြင့် လိုက်လံစစ်ဆေး သတိပေး နှိုးဆော်ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

## သရက်သီးပေါ်ချိန်အထွက်နည်းသောကြောင့် အမြင့်ဈေးရရန် သရက်ခြံပိုင်ရှင်များမျှော်မှန်း

**စစ်ကိုင်း ဧပြီ ၅**
အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သရက်ခြံပိုင်ရှင်များက သရက်သီးပေါ်ချိန်အထွက်နှုန်းနည်းသော်လည်း အမြင့်ဈေးရမည်ဟု မျှော်မှန်းထားကြောင်း ကြားသိရသည်။

"ကျွန်တော်တို့သရက်ခြံသမားများဟာအချို့က ဖူးပွင့်ချိန်မှာ ခြံပြတ်ရောင်းကြသလို အချို့ကလည်းအသီးအဆင့်ရောက်မှ မျက်မြင်စိတ်ကြိုက်ဈေးနှင့် ခြံပြတ်ရောင်းကြတယ် ။ လက်လီစိပ်ပြီး နောက်ဆုံးအဆင့် အထိလုပ်ကိုင်နိုင်သူကတော့ ကိုယ်တွက်ပိုကျန်တယ် အလုပ်တော့များတယ်ဗျာ။ ဒါပေမယ့် ဒီနှစ်က သရက်ပင်များစတင်ဖူးပွင့်ချိန်မှ အသီးကင်းကျော်လွန်သည့် အရွယ်ရောက်မှ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မား၍ လေမတိုက်ဘဲနှင့် ကြွေကျမှုများတယ်။

'နောက်ပြီး မိုးကြိုကာလဖြစ်တဲ့အတွက် လေပြင်းတိုက်ခတ်လာပါက အသီးကြွေကျမှု ဖြစ်စဉ်ကိုဖြတ်သန်းရပါတယ်။ နောက်ပိုင်းမှ အောင်သီးကိုရတာပါ။ အတွေ့အကြုံအရပြောရမယ်ဆိုရင် သရက်သီးပေါ်ချိန်မှာအထွက်နှုန်းနည်းလို့ အမြင့်ဈေးရမယ်လို့ မျှော်မှန်းထားပါတယ်" ဟု စီတီးကျေးရွာအုပ်စုမှ သရက်ခြံပိုင်ရှင် ဦးကျော်မျိုးရှိန်က ပြောသည်။

စစ်ကိုင်းမြို့ပေါ်တွင် သရက်ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် သရက်ခြံများရှိသကဲ့သို့ ညောင်ပင်ဝန်းနှင့် ဒီပဲယင်းကွဲကျေးရွာများတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး မြို့နယ်အတွင်း အချို့သောကျေးရွာများ၌ သက်ဆိုင်ရာဌာနများကလည်း နိုင်ငံခြားဈေးကွက်ဝင် သရက်သီးများ ရွေးချယ်စိုက်ပျိုးရန် ဟောပြောခြင်း၊ စိုက်ပျိုးရေးအသိပညာပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသဖြင့် စစ်ကိုင်း-မုံရွာ-ရွှေဘိုကားလမ်းဘေးဝဲယာနှင့် မင်းကွန်းကားလမ်း ဘေးဝဲယာတစ်လျှောက်တို့တွင် နိုင်ငံခြားဈေးကွက်ဝင် သရက်မျိုးများကိုလည်း အိမ်ခြံဝင်းများ၌ စိုက်ပျိုးလာသကဲ့သို့ မြေလပ်သည့် နေရာများ၌ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## မြင်းမူမြို့ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့ အောက်စီဂျင်စက်လှူဒါန်း

**မြင်းမူ ဧပြီ ၅**
Online ဆက်သွယ်မှုကြောင့် မြင်းမူမြို့ ပြည်သူ့ဆေးရုံကြီးတွင် အောက်စီဂျင်စက်လိုအပ်လျက်ရှိကြောင်းသိရှိခဲ့၍ မြင်းမူမြို့ ရွှေကေရစ်စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဦးနိုင်စိုး+ဒေါ်သီတာ မိသားစုတို့က ငွေကျပ် ၁၃၆၀၀၀၀ တန်ဖိုးရှိ အမေရိကန်နိုင်ငံထုတ် အောက်စီဂျင်စက်တစ်လုံးကို ဧပြီ ၃ ရက်က မြင်းမူမြို့ပြည်သူ့ဆေးရုံရှိ ခန်းမတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြင်းမူမြို့သို့ မြို့နယ်ဆရာဝန်ကြီးအနေနဲ့ တာဝန်ထမ်းဆောင်နေစဉ်အတွင်းကျမ တတ်နိုင်သော ဆေးပညာနှင့် မြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားပါ့မယ်။ မြို့သူမြို့သားများအနေဖြင့်လည်း ကျွန်မတို့ဆေးရုံရဲ့လိုအပ်ချက်များကို လိုအပ်သလိုအကူညီပေးကြပါရန် မေတ္တာရပ်ခံပါတယ်။ အခုလို စေတနာအပြည့်ဖြင့် လာရောက်လှူဒါန်းပေးတဲ့ ရွှေကေရစ်စိန်ရွှေရတနာဆိုင်မှ အလှူရှင်တို့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားအပ်ပါတယ်" ဟု မြို့နယ်ဆရာဝန်ကြီးက ပြောသည်။

မြင်းမူမြို့ (online family)သည် နိုးကြားတက်ကြွသော လူငယ်များဖြင့် ဖွဲ့စည်းထားသည့် ကုသိုလ်ဖြစ်ပရဟိတအဖွဲ့တစ်ခုဖြစ်သည်။ထိုအဖွဲ့သည် မြင်းမူမြို့ပေါ်တွင် ဥပုသ်နေ့တိုင်းကုသိုလ်ရေးနှင့်လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ online family သည်မြို့ပေါ်၏ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးစသည့်ဆောင်ရွက်ချက်၊ လိုအပ်ချက်များကို online မှတစ်ဆင့်ဖော်ပြ၍ အလှူရှင်ရှာလေ့ရှိသည်။ **(၆၂၄)**

## သစ်သားအစားထိုးပြည်တွင်းဖြစ် ဖိုက်ဘာဂလပ်(စ်)ထုတ်ကုန်များ တွင်ကျယ်စွာထုတ်လုပ်လာ



**မန္တလေး ဧပြီ ၅**
ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် သစ်သားပန်းပုများ၊ သစ်သားဖြင့်ပြုလုပ်သော ပရိဘောဂများနှင့် အခြားအလှဆင်ပစ္စည်းများအစား ပြည်တွင်းဖြစ်ဖိုက်ဘာဂလပ်(စ်) ထုတ်ကုန်များကို အစားထိုးအသုံးပြုလာကြသည်။ ဖိုက်ဘာဂလပ်(စ်)ထုတ်ကုန် လုပ်ငန်းများအတွက် ကုန်ကြမ်းကို နိုင်ငံခြားမှ တင်သွင်းပြီး လိုအပ်သည့်ပုံစံများကို မိုထုတ်ကာ ပြည်တွင်း၌ပင် တွင်ကျယ်စွာ ထုတ်လုပ်လာသည်။

လက်ရှိကာလတွင် ဖိုက်ဘာဖြင့် ပြုလုပ်သောပစ္စည်းများကို သစ်သားအစားထိုး အဖြစ်အသုံးပြုလာသည်။ ဖိုက်ဘာဂလပ်(စ်)မှာ အကျိုးကျေးဇူးများစွာရှိပြီးအားသာချက်များလည်း ရှိနေသည်။ ဖိုက်ဘာဂလပ်(စ်)ဖြင့် ပရိဘောဂပစ္စည်းများ ပြုလုပ်ခြင်းဖြင့် သဘာဝသစ်တောများကို ထိန်းသိမ်းပြီးဖြစ်နေသည်။

ဖိုက်ဘာဂလပ်(စ်)၏ အားသာချက်မှာ ပလတ်စတစ်များနှင့် မတူဘဲ ရေ၏သဘာဝဂုဏ်သတ္တိကို ထိန်းသိမ်းပေးထားနိုင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိစေရန် ဖန်တီးပေးခြင်း၊ နှစ်ရှည်အသုံးပြုနိုင်ခြင်း၊ ပေါ့ပါးခိုင်ခန့်ခြင်း၊ ဆွဲမြည့်ပျက်စီးမှုနည်းပါးခြင်း၊ ပြုပြင်ထိန်းသိမ်းရလွယ်ကူခြင်းစသော အားသာချက်များရှိသည်။

လက်ရှိကာလတွင် ကစားကွင်းသုံး ဖိုက်ဘာထုတ်ကုန်များ၊ အပန်းဖြေဥယျာဉ်သုံး ဖိုက်ဘာထုတ်ကုန်များ၊ ဘူတာ၊ ဆေးရုံသုံး ဖိုက်ဘာထုတ်ကုန်များ၊ ကျောင်းသုံး၊ ရုံးသုံး၊ အိမ်သုံးဖိုက်ဘာထုတ်ကုန်များ၊ ဖိုက်ဘာ ရေတိုင်ကီနှင့် ဖိုက်ဖာကန်အမျိုးမျိုး ကားဖိုက်ဘာအလှဆင်ခြင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ဖိုက်ဘာဂလပ်(စ်)ဖြင့် ပြုလုပ်သော အရုပ်ငယ်တစ်ခုလျှင် အနည်းဆုံး ငွေကျပ်သုံး သောင်းမှ ၁၃ သိန်းကျော်အထိ အရုပ်အရွယ်အမျိုးအစားလိုက် ဈေးနှုန်းအမျိုးမျိုးရှိသည်။ ကျောင်းများတွင်လည်း စာရေးခုံများ၊ စားပွဲခုံကလေးများကိုပင် ဖိုက်ဘာဖြင့် ပြုလုပ်လာသည်။ မူကြိုကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် စာရေးစားပွဲနှင့်ခုံများကို ဖိုက်ဘာခုံများဖြင့် အသုံးပြုလာသည်။ လက်ရှိကာလတွင် အိမ်တွင်း အလှဆင်အရုပ်ငယ်များ၊ တိရစ္ဆာန်ပုံအမျိုးမျိုး၊ ရေကန်အမျိုးမျိုးနှင့် ကျောင်းသုံး၊ ရုံးသုံးများအတွက် တွင်ကျယ်စွာ ပြုလုပ်ရောင်းချလျက်ရှိသည်။ ဖိုက်ဘာပစ္စည်းကျောင်းသုံး၊ ရုံးသုံးများကို အနည်းဆုံးငါးနှစ် အာမခံဖြင့် ရောင်းချပေးသည်။ အထူးသဖြင့် အလှဆင်ပစ္စည်းများ၊ အရုပ်များကို လှပစွာ ဖြင့် အနုပညာလက်ရာမြောက်အောင် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ပိုလီယိုရောဂါကာကွယ်ဆေး နှစ်မျိုးပါဝင်သော bOVP သို့ပြောင်းလဲသုံးစွဲခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ တောင်ငူမြို့တွင် ကျင်းပ

**တောင်ငူ ဧပြီ ၅**
တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျင်းပပြုလုပ် သည့် ပိုလီယိုရောဂါကာကွယ်ဆေး သုံးမျိုးပါဝင်သော tOVP မှ ပိုလီယိုရောဂါကာကွယ်ဆေး နှစ်မျိုးပါဝင်သော bOVP သို့ပြောင်းလဲသုံးစွဲခြင်းနှင့် ပတ်သက်သည့် အသိပေးဆွေးနွေးပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် တောင်ငူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးညီညီက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမီမီခင်က ပိုလီယိုရောဂါကာကွယ်ဆေး သုံးမျိုးပါဝင်သော tOVP မှ ပိုလီယိုရောဂါကာကွယ်ဆေးနှစ်မျိုးပါဝင်သော bOVP သို့ ပြောင်းလဲအသုံးပြုရခြင်းနှင့် ပတ်သက်သည်များကို အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့ကြသည်။

ဆက်လက်ပြီး တောင်ငူမြို့တွင် ဖွင့်လှစ်မည့် မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်း (အမ်ပီဂျီ) Project Manager ဒေါ်မြင့်သီတာဝင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပံ့ပိုးပေးမည့်ဝန်ဆောင်မှုများအား ရှင်းလင်းပြောကြားခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစခန်းဖွင့်ပွဲ မော်လိုက်မြို့တွင် ကျင်းပ

**မော်လိုက် ဧပြီ ၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ၂၀၁၃ ခုနှစ်တွင် ချောင်းဦးမြို့နယ်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဘုတလင်မြို့နယ်တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အရာတော်မြို့နယ်များတွင်လည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးကြိမ်မြောက်အဖြစ် မော်လိုက်မြို့နယ်တွင် ဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စခန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီ၌ မော်လိုက်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင် မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၊ မုံရွာတက္ကသိုလ်မှ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

